# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကပ်ငြိစိတ်မရှိသူ**

နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့် တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ်မရှိသူကို အထက် အကနိဋ္ဌဘုံသို့ အစဉ်အတိုင်း သွားမည့်သူဟု ဆိုအပ်၏။

ပိဋကဝင်(ဓမ္မပဒ - ၂၁၈)


၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၁၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၂၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် H.E. Mr. Alounkeo KITTIKHOUN နှင့် အာဆီယံအတွင်းရေးမှူးချုပ် Dr. KAO KIM HOURN ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် H.E. Mr. Alounkeo KITTIKHOUN နှင့် အာဆီယံအတွင်းရေးမှူးချုပ် Dr. KAO KIM HOURN ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် H.E. Mr. Alounkeo KITTIKHOUN နှင့် အာဆီယံအတွင်းရေးမှူးချုပ် Dr. KAO KIM HOURN ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Mr. Alounkeo KITTIKHOUN နှင့် အာဆီယံအတွင်းရေးမှူးချုပ် Dr. KAO KIM HOURN တို့အား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ပေးအပ်စဉ်။

## “ မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့်အခြေအနေများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးအတွက် အာဆီယံအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ အာဆီယံနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သင့်သည့်အချက်များ ဆွေးနွေးရန်တို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး ”

*❊ ရှေ့ဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဦးကိုကိုလှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာ စိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး လာအိုနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီး(ငြိမ်း)နှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အတူ အာဆီယံအတွင်းရေးမှူးချုပ် Dr. KAO KIM HOURN၊ AHA Center အမှုဆောင်ဒါရိုက်တာ Mr. LEE YAM MING၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E. Mr. Heuang–seng KHAMDALAVONG နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊အာဆီယံအစည်းအဝေးများတွင် မြန်မာနိုင်ငံမှ ပါဝင်နိုင်မှုအခြေအနေများ၊ အာဆီယံအနေဖြင့် မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်လျက်ရှိမှုနှင့် အကူအညီ လိုအပ်လျက်ရှိသည့် ပြည်သူများ လက်ဝယ်ရောက်ရှိရေး အကောင်းဆုံးပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ ပြည်သူများ၏ လိုလားချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အခြေအနေမှန်များကို သိရှိအောင်ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးအတွက် အာဆီယံအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ အာဆီယံနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သင့်သည့်အချက်များ ဆွေးနွေးရန်တို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် AHA Center အမှုဆောင်ဒါရိုက်တာတို့အား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် H.E. Mr. Alounkeo KITTIKHOUN နှင့် အာဆီယံအတွင်းရေးမှူးချုပ် Dr. KAO KIM HOURN ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❖ *ကျောဖုံးမှ*

တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ကြပ်မတ်ဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၄) အစည်းအဝေးတွင် **"သွင်းကုန်များလျှော့ချပြီး ပို့ကုန်များပိုမိုတင်ပို့နိုင်ရန်လိုကြောင်း၊ ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေးကို အလေးထားရန် ထပ်မံပြောကြားလိုကြောင်း၊ နှစ်စဉ် ပျမ်းမျှစားသုံးဆီ ဒေါ်လာသန်း ၅၀၀ မှ ၆၀၀ အတွင်း ပြည်ပမှတင်သွင်းနေရမှုအား ဆီဖူလုံအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေကုန်ကျမှုကို များစွာလျော့ကျစေမည်ဖြစ်ကြောင်း၊ သယံဇာတပစ္စည်းများ တရားမဝင်ထုတ်ယူခြင်း၊ ရောင်းဝယ်ခြင်းနှင့် တရားမဝင်ကုန်သွယ်မှုများမဖြစ်ပေါ်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း"** ထည့်သွင်းမှာကြားခဲ့ကြောင်း။

အလားတူ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) တွင်လည်း **"နိုင်ငံ့စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့နိုင်ငံတွင် မြေခံရေခံကောင်းများနှင့် လူသားအရင်းအမြစ်များရှိပြီးဖြစ်ကြောင်း၊ သို့သော် စီးပွားရေးအရပိတ်ဆို့ခြင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများအား ပိတ်ဆို့ခြင်းနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်ဆောင်ရွက်၍ ကုန်စည်စီးဆင်းမှုများ နှောင့်နှေးပိတ်ဆို့အောင် ဆောင်ရွက်နေခြင်းများကြောင့် အခက်အခဲအချို့ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ အဆိုပါအချက်များကို ကျော်လွှားနိုင်မည်ဆိုပါက ကုန်သွယ်မှုများကောင်းမွန်လာပြီး နိုင်ငံ့စီးပွားပိုမိုတိုးတက်ကာ ငွေကြေးတန်ဖိုးများလည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်ရန် ဦးဆောင်ကော်မတီဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပလာခဲ့သည်မှာ ယခုအခါ (၁၄) ကြိမ် ရှိပြီဖြစ်ကြောင်း၊ ယခင် အစည်းအဝေး (၁၃) ကြိမ်အထိ ဆုံးဖြတ်ချက် ၄၅၆ ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဦးဆောင်ကော်မတီပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက် ဖမ်းဆီးရမိမှုများအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ ဖမ်းဆီးရမိအမှုတွဲ (၁၂၄၃၀) မှု၊ ခန့်မှန်းတန်ဖိုးကျပ် ၂၅၀ ဒသမ ၁၇၆ ဘီလီယံ ဖမ်းဆီးရမိခဲ့ကြောင်း။

**ဖမ်းဆီးရရှိမှုများ**

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလများအတွင်း ဖမ်းဆီးရရှိမှုများအနေဖြင့် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး / ပြည်နယ်အလိုက် ဖမ်းဆီးရရှိမှုများတွင် မန္တလေးတိုင်းဒေသကြီးက ပထမအများဆုံး၊ ကချင်ပြည်နယ်က ဒုတိယအများဆုံးနှင့် တနင်္သာရီတိုင်းဒေသကြီးက တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်စည်တင်ရေယာဉ်အပါအဝင် မော်တော်ယာဉ်ယန္တရားဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးက လုပ်ငန်းသုံးကုန်ကြမ်းများဖြစ်ကာ တတိယအများဆုံးက ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်သည်ကို တွေ့ရှိရကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ တရားမဝင်ကုန်သွယ်မှုကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် အရပ်ရပ်သော ဝင်ငွေများဆုံးရှုံးမှုသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၂ ထရီလီယံကျော်ခန့်ရှိပြီး စိုက်ပျိုးရေးထုတ်ကုန်ဆိုင်ရာ တရားမဝင်ကုန်သွယ်မှုတန်ဖိုးမှာ နှစ်စဉ်အမေရိကန်ဒေါ်လာ ၃၀ မှ ၄၀ ဘီလီယံအကြားနှင့် တရားမဝင်ဆေးဝါးများကြောင့် ကလေးသူငယ်များ အသက်ဆုံးရှုံးခြင်းအပြင် တရားမဝင်ဓာတုဆေးဝါးများကြောင့်လည်း သဘာဝသယံဇာတပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေကာ ကမ္ဘာပေါ်ရှိနိုင်ငံများစွာကို ခြိမ်းခြောက်လျက်ရှိကြောင်းကို ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အာဆီယံဒေသတွင်းတွင်လည်း တရားမဝင်ကုန်သွယ်မှုများ မြင့်တက်လာခြင်းသည် အစိုးရများနှင့် တရားဝင်စီးပွားရေးလုပ်ငန်းများကို ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည့်အပြင် ဇီဝမျိုးစုံ၊ မျိုးကွဲများ၊ လူ့အသက်များနှင့် လူ့အခွင့်အရေးများကို သိသိသာသာထိခိုက်လာစေကြောင်း၊ ထိခိုက်နစ်နာရသည့် အဓိကကဏ္ဍများအနေဖြင့် ဆေးလိပ်၊ အရက်၊ အဖျော်ယမကာ၊ အရုပ်နှင့်ကစားစရာဂိမ်းများ၊ မော်တော်ယာဉ်အစိတ်အပိုင်းများ၊ ဆေးဝါးများ၊ စိုက်ပျိုးရေးဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများနှင့် မူပိုင်ခွင့်ခိုးကူးခြင်းတို့ပါဝင်ကြောင်းကို ဖော်ပြထားကြောင်း။

**❑ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလများအတွင်း ဖမ်းဆီးရရှိမှုများအနေဖြင့် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး / ပြည်နယ်အလိုက် ဖမ်းဆီးရရှိမှုများတွင် မန္တလေးတိုင်းဒေသကြီးက ပထမအများဆုံး၊ ကချင်ပြည်နယ်က ဒုတိယအများဆုံးနှင့် တနင်္သာရီတိုင်းဒေသကြီးက တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရ**

ထို့ပြင် ဉာဏပစ္စည်းမူပိုင်ခွင့် ကိစ္စရပ်များတွင်လည်း ကျယ်ပြန့်ရှုပ်ထွေးရုံသာမက ပြင်းထန်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများ ဖြစ်ပေါ်စေကြောင်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း(OECD)၊ကမ္ဘာ့ဉာဏပစ္စည်း မူပိုင်ခွင့်အဖွဲ့ (WIPO)တို့၏ တွေ့ရှိချက်များအရ ကုန်စည်အတုများ ကုန်သွယ်မှုသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၅၀၉ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့ကုန်သွယ်ရေး၏ ၃ ရာခိုင်နှုန်းခန့်ရှိကြောင်း။

အာဆီယံဒေသအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ကုန်ပစ္စည်းအတုအပများသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံခန့်ရှိပြီး ဆေးဝါးအတုများအနေဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံခန့်ရှိကြောင်းနှင့် စီးပွားရေးအရနစ်နာဆုံးရှုံးမှုအနေဖြင့် နှစ်စဉ်အမေရိကန်ဒေါ်လာ ၆ ဘီလီယံခန့်ရှိကြောင်း လေ့လာတွေ့ရှိရကြောင်း။

**တရားမဝင်ကုန်သွယ်မှုများရှိနေ**

မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဂျပန် စသည့် နိုင်ငံများနှင့် ကုန်သွယ်မှုကွာခြားချက်များ လေ့လာမှုတွင် International Trade Centre (ITC) ၏ Data များအရ ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုကွာခြားချက်သည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော်မှ အများဆုံး ၁၂ ဘီလီယံအထိ ကွာခြားမှုရှိနေသည်ကို တွေ့ရှိရသည့်အတွက် တရားမဝင် ကုန်သွယ်မှုများရှိနေကြောင်း ဖော်ပြနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် သယံဇာတပေါကြွယ်ဝပြီး စိုက်ပျိုးရေးကို အဓိက အခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် သယံဇာတထုတ်ကုန်များနှင့် စိုက်ပျိုးရေးထွက်ကုန်များကို အဓိကထားပြီး ထုတ်လုပ်တင်ပို့လျက်ရှိကြောင်း၊ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးကို များစွာအနှောင့်အယှက်အဟန့်အတားဖြစ်ပေါ်လျက်ရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် အခွန်ဘဏ္ဍာများစွာဆုံးရှုံးခြင်း၊ နိုင်ငံ၏ လူမှုစီးပွားရေးကဏ္ဍများအပေါ် အပြုသဘောမဆောင်သည့် သက်ရောက်မှုများစွာရှိနေခြင်းများကြောင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအပြင် ပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ရာတွင် အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူပြည်သူတို့က အဓိကဖြစ်ကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံ့ဝင်ငွေတိုးတက်ရရှိစေရေးအတွက် အကောက်ခွန်နှင့်ရသင့်ရထိုက်သည့် အခွန်အခများ ဆုံးရှုံးမှုမရှိစေရေး၊ ပြည်သူများအတွက် ဘေးကင်းစိတ်ချရသည့်ကုန်စည်များအတွက် အာမခံချက်ပေးနိုင်ရေးတို့ဖြစ်ပြီး တရားမဝင်ကုန်စည်များလျော့နည်းပပျောက်စေရေး၊ နောက်ဆုံးအနေဖြင့် တရားမဝင်ကုန်သွယ်မှုကို လုံးဝကင်းစင်ပပျောက်သည်အထိ တိုက်ဖျက်ရေးတို့ကို အစိုးရအနေဖြင့် ဦးတည်ဆောင်ရွက်ကြမည် ဖြစ်ကြောင်း။

**တားဆီးဖမ်းဆီးခြင်းများ ထိထိရောက်ရောက်ဆောင်ရွက်**

Online မှ ပြည်တွင်းတွင် ရောင်းချသည့်ဆေးဝါး၊ အလှကုန်၊ စားသောက်ကုန်၊ လူသုံးကုန် စသည့် ကုန်စည်အများစုသည်လည်း တရားမဝင်လမ်းကြောင်းများက တင်သွင်းရောင်းချနေခြင်းဖြစ်ကြောင်းကို စိစစ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် အထူးအဖွဲ့များနှင့် One Stop Service (OSS) ဌာနဆိုင်ရာများအပြင် FDA, CID တို့အနေဖြင့် ပုံမှန်တားဆီးဖမ်းဆီးခြင်း၊ အသွင်ယူ သတင်းထောက်လှမ်း တားဆီးဖမ်းဆီးခြင်းနှင့် သတင်းပေးတိုင်ကြားမှုများအရ တားဆီးဖမ်းဆီးခြင်းများကို ထိထိရောက်ရောက် ယခုထက်ပိုပြီး ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပြည်တွင်းလိုအပ်ချက်အရ ပြည်ပမှ အရည်အသွေးပြည့်မီသည့်ကုန်စည်များ တင်သွင်းနိုင်ရန်ကိုလည်း ကုန်ပစ္စည်းတစ်မယ်ချင်းအလိုက် စံချိန်စံညွှန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မြန်မြန်ဆန်ဆန် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တရားမဝင်ကုန်သွယ်မှုများကြောင့် တရားဝင်ပို့ကုန်ပမာဏကျဆင်းပြီး နိုင်ငံခြားသုံးငွေဝင်ရောက်မှုကျဆင်းစေခြင်း၊ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် ငွေပေးချေမှုများ ပြုလုပ်နေခြင်းကြောင့် မှောင်ခိုငွေကြေးဈေးကွက်ဖြစ်ပေါ်စေခြင်း၊ နိုင်ငံတော်၏ ရငွေ/သုံးငွေ စာရင်းအမှန်များ တွက်ချက်ရန် အခက်အခဲများ ဖြစ်စေခြင်းနှင့် အကျိုးဆက်အားဖြင့် မှန်ကန်သည့် ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာမူဝါဒများ ချမှတ်နိုင်ရေးအပေါ် အဟန့်အတားအနှောင့်အယှက်ဖြစ်စေခြင်းတို့ကို တွေ့ရှိရကြောင်း၊ ထို့အပြင် တရားမဝင်ကုန်သွယ်မှုများကြောင့် တရားဥပဒေစိုးမိုးရေးအပေါ်တွင်လည်း သက်ရောက်မှုရှိကြောင်း တွေ့ရှိရပြီး နိုင်ငံ့ဝန်ထမ်းများ အကျင့်ပျက်ခြစားခြင်း၊ အဂတိလိုက်စားမှုကိုတွန်းပို့စေကာ အကျင့်စာရိတ္တအားနည်းလာစေခြင်းမှတစ်ဆင့် အုပ်ချုပ်မှုယန္တရားကို ထိခိုက်လာနိုင်မည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်သည့်အခါတွင် သက်ဆိုင်ရာအထူးအဖွဲ့များ၊ One Stop Service (OSS) ဌာနဆိုင်ရာတာဝန်ခံများအနေဖြင့် ကုန်သွယ်မှုလမ်းကြောင်းများ၊ သက်ဆိုင်ရာတာဝန်ကျ စစ်ဆေးရေးစခန်းများတွင် တားဆီးခြင်း၊ ဖမ်းဆီးခြင်းများ ဆောင်ရွက်ရာတွင် တရားမဝင်တင်သွင်းမှုများအပြင် တရားမဝင်တင်ပို့မှုများကိုပါ ထိထိရောက်ရောက် တားဆီး၊ ဖမ်းဆီးပြီး ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အပြင် တရားမဝင်ကုန်စည်များနှင့်ပတ်သက်ပြီး စတင်တားဆီးဖမ်းဆီးစစ်ဆေးစဉ်ကပင် သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းစဉ်၊ SOPs များနှင့်အညီ ထိထိရောက်ရောက် မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

**စီးပွားရေးအကျိုးသက်ရောက်မှုရှိလာ**

တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ထုတ်လုပ်မှုနှင့် စားသုံးသူပြည်သူများအတွက် အကျပ်အတည်းဖြစ်ပေါ်စေခြင်းအပြင် စီးပွားရေးလုပ်ငန်းများအနေနှင့်လည်း ဈေးကွက်ကမောက်ကမဖြစ်ခြင်းကြောင့် လုပ်ငန်းများမတိုးချဲ့နိုင်ခြင်းနှင့် ရပ်ဆိုင်းခြင်းတို့ဖြစ်ပေါ်လာစေပြီး ထိုမှတစ်ဆင့် ပြည်တွင်းတွင် အလုပ်လက်မဲ့ဦးရေ မြင့်တက်လာကာ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြသည့်အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍ၌ လုပ်အားများလျော့နည်းသွားနိုင်ခြင်းနှင့်အတူ ကုန်ထုတ်လုပ်မှုများလျော့ကျလာပြီး ပြည်တွင်းတွင် စီးပွားရေးအကျပ်အတည်းဖြစ်ပေါ်လာကာ နိုင်ငံ၏လူမှုစီးပွားရေးကဏ္ဍများအပေါ် များစွာအကျိုးသက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း။

ထို့ပြင် တရားမဝင်ကုန်သွယ်မှုများကြောင့် နောက်ဆုံးအဆင့်အနေဖြင့် တိုက်ရိုက်ထိခိုက်နစ်နာသူများသည် စားသုံးသူပြည်သူများဖြစ်သည့်အပြင် ကိုယ်တိုင်ထုတ်လုပ်သည့် တိုင်းရင်းသားလုပ်ငန်းရှင်များသည်လည်း တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ပါကြောင်း၊ ထို့ကြောင့် ယင်းဖြစ်စဉ်များ မဖြစ်ရအောင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်ရှိသည့် အထူးတိုက်ဖျက်ရေးအဖွဲ့များကလည်း တရားမဝင်ကုန်သွယ်မှုများကို လုံးဝကင်းစင်ပပျောက်သည်အထိ အစိုးရနှင့် ပြည်သူလက်တွဲပြီး ဆက်လက်ကြိုးစား ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း က ဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာခင်ဇော်နှင့် ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းထွန်းဦးတို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူက ထိန်းချုပ်ဓာတုပစ္စည်းများ ပြည်ပမှ တင်သွင်းဆောင်ရွက်မည့်ကုမ္ပဏီတွင် ရှိသင့်သည့် Criteria စံသတ်မှတ်ချက်များနှင့် ကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင်ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန်နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှု အခြေအနေများ၊ E-Lock စနစ်ဆိုင်ရာကိစ္စရပ်များ၊ တရားမဝင် Online မှ ကုန်ပစ္စည်းများရောင်းချနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၂/၂၀၂၄) ဆုံးဖြတ်ချက် (မူကြမ်း) များကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် အိန္ဒိယလေတပ်မှ Assistant Chief of the Air Staff (Intelligence) ဖြစ်သူ Air Vice Marshal Ichettira Iyappa Kuttappa VM VSM အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၅**

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် မေ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပပြုလုပ်မည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံလေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် အိန္ဒိယလေတပ်မှ Assistant Chief of the Air Staff (Intelligence) ဖြစ်သူ Air Vice Marshal Ichettira Iyappa Kuttappa VM VSM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံလေတပ်နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ သင်တန်းသားစေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ လေတပ်နှစ်ရပ်အကြား ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရေးဆိုင်ရာ ကိစ္စရပ်များနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် အိန္ဒိယလေတပ်မှ Assistant Chief of the Air Staff (Intelligence) ဖြစ်သူ Air Vice Marshal Ichettira Iyappa Kuttappa VM VSM တို့သည် အမှတ်တရ လက်ဆောင်များ အပြန်အလှန် ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် နှင့် တပ်မတော်(လေ) မှ အရာရှိကြီးများ၊ အိန္ဒိယလေတပ်မှ Assistant Chief of the Air Staff (Intelligence) ဖြစ်သူ Air Vice Marshal Ichettira Iyappa Kuttappa VM VSM ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အိန္ဒိယလေတပ်မှ အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ရေကြောင်းလူငယ်မှ သင်တန်းသားများ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်နှင့် နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာ၊ လေကြောင်းလူငယ်မှ သင်တန်းသားများ လေယာဉ်/ရဟတ်ယာဉ် လိုက်ပါပျံသန်း၊ ပြိုင်ပွဲများကျင်းပပြုလုပ်



**နေပြည်တော် မေ ၁၅**

ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း(၁/၂၀၂၄) စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်သို့ လေ့လာရေးခရီးသွားရောက်ကြသည်။ ဦးစွာ လေကြောင်းနှင့် အာကာသသိပ္ပံ ပညာရပ်များ၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သော အထွေထွေဗဟုသုတများ၊ တပ်မတော်(လေ)တွင် အသုံးပြုလျက်ရှိသော လေယာဉ်များအကြောင်းကို တပ်မတော်(လေ)မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

### ရှင်းလင်းပြသ

ထို့နောက် သင်တန်းသား၊ သင်တန်းသူများ လေယာဉ်ပျံသန်းမှု အတွေ့အကြုံရရှိစေရန် တပ်မတော်(လေ)မှ သယ်ယူပို့ဆောင်ရေး လေယာဉ်များဖြစ်သော Y-8 လေယာဉ်နှင့် ATR - 72 လေယာဉ်တို့ဖြင့် လက်တွေ့လိုက်ပါစီးနင်းကြပြီး လေယာဉ်ပျံသန်းစီးနင်းရာတွင် လိုက်နာရမည့်အချက်များနှင့် လေကြောင်းဆိုင်ရာ အတွေ့အကြုံများကို တာဝန်ရှိသူများက လေယာဉ်ပေါ်၌ ရှင်းလင်းပြသခဲ့ကြသည်။



မွန်းလွဲပိုင်းတွင် လှိုင်မြို့နယ်ရှိ နျူကလီးယား နည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လေ့လာရေးခရီး လာရောက်ကြသော ရေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများအား ပြခန်းခန်းမဆောင်တွင် ပြသထားသော နျူကလီးယားနည်းပညာ အသုံးပြု၍ ရောဂါရှာဖွေမှု(တိုမိုဂရမ်) နမူနာပုံစံ၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖို အမျိုးအစားတစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့်အလုပ်လုပ်ပုံပြနမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကိုတိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိအရာဝတ္ထုပစ္စည်းများတွင်ပါရှိသည့် ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်းစနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည့် သဘာဝပတ်ဝန်းကျင်ရှိအရာဝတ္ထုများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့်စက်၊ နျူကလီးယား ဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်း ပါဝင်ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသသည့်ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind Turbine နမူနာပုံစံငယ်တို့အား အသေးစိတ်ရှင်းလင်းပြောကြားသည်။

### လေ့လာကြည့်ရှု

ထို့နောက် ဗီဒီယိုပြခန်းမဆောင်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသသည့်သီချင်း MTV ၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏ အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုတည်ဆောက်မှုအတွေ့အကြုံများ ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့်ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကိုမြန်မာဘာသာဖြင့်ရှင်းလင်းပြောကြားထားသည့်ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍအသီးသီးတွင် လက်တွေ့ကျကျ အသုံးပြုနေခြင်းဆိုင်ရာ ပိုစတာများကို လေ့လာကြည့်ရှုခဲ့ကြသည်။

အလားတူ တပ်မတော်(လေ)က ၂၀၂၄ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် သင်တန်းစခန်း ကိုးခုမှ ထူးချွန်ဆုရသင်တန်းသားများသည် Grob - 120 TP လေယာဉ်နှင့် H - 120 ရဟတ်ယာဉ်များအား လေယာဉ်မောင်းသင်ကျောင်းမှ နည်းပြလေသူရဲများနှင့်အတူ လက်တွေ့လိုက်ပါပျံသန်းခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အဆိုပါ သင်တန်းစခန်း ကိုးခုမှ သင်တန်းသားများသည် RC လေယာဉ်/ ရဟတ်ယာဉ်မောင်း ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး သင်တန်းသားများ၊ အုပ်ချုပ်သူ နည်းပြများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ယှဉ်ပြိုင်နေမှုများကို အားပေးကြည့်ရှုခဲ့ကြသည်။

အလားတူ ကျန်သင်တန်းစခန်း ရှစ်ခုမှ သင်တန်းသား၊ နည်းပြ / အုပ်ချုပ်သူများသည် လေ့လာရေးခရီးစဉ်အဖြစ် နံနက်ပိုင်းတွင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ်ရှိ စက်မှုလက်မှုအတတ်သင် ကျောင်းတို့ကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်ရှိ လေယာဉ်မောင်းသင်ကျောင်းနှင့် Aeromedical Centre တို့ကို လည်းကောင်း အသီးသီးလေ့လာခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖွဲ့တို့အကြား ပူးတွဲအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၁၅**
ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Mr. Alounkeo KITTIKHOUN ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အကြား ပူးတွဲအစည်းအဝေး တစ်ရပ်ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အဆိုပါပူးတွဲအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ် H.E. Dr. KAO KIM HOURN၊ ASEAN Coordinating Centre for Humanitarian Assistance on disaster management (the AHA Centre ) မှ အမှုဆောင်ဒါရိုက်တာ Mr. LEE YAM MING နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာမှုအကူအညီများပေးအပ်ရေးနှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်လျက်ရှိသည့်ကိစ္စများ၊ အာဆီယံနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Park Royal Hotel ၌ အလုပ်သဘောညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**



## ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီ ညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၅**
နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် အခြေခံပညာကျောင်းများ ဖွင့်လှစ်ချိန်အမီ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှု

**မန္တလေး မေ ၁၅**
၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ မကြာမီဖွင့်လှစ်တော့မည်ဖြစ်ပြီး အခြေခံပညာကျောင်းများ ဖွင့်လှစ်ချိန်အမီ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း၊ မဟာအောင်မြေမြို့နယ်ရှိ အမှတ် (၁၃) အခြေခံပညာ အထက်တန်း ကျောင်းများသို့ ရောက်ရှိ၍ စာသင်ခန်းများနှင့် ကျောင်းဝင်းအတွင်းတို့တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းအကျိုးဆောင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခြေခံပညာ ကျောင်းများ မကြာမီဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် အေးချမ်းပျော်ရွှင်စွာဖြင့် စိတ်ချမ်းမြေ့စွာ သင်ယူနိုင်ရေး၊ ကျောင်းနေအရွယ် ကလေးများ စာသင်ခန်းများအတွင်း ရောက်ရှိရေး၊ ကျောင်းအပ်နှံသူဦးရေနှင့် ကျောင်းတက်သူဦးရေပိုမိုတိုးတက်ရေးနှင့် ကျောင်းသား ကျောင်းသူများ စဉ်ဆက်မပြတ်တန်းစဉ်ကူးပြောင်းနိုင်မှု လျော့နည်းမသွားရေး၊ ကျောင်းအင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး၊ ဥပဓိရုပ်များကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာ အမြင်တင့်တယ်စေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**



## ခန္တီးမြို့နယ် ဟိန်စွန်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ဟိန်စွန်းကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၆၅ ဦးတို့ကို နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဖျားနာရောဂါ၊ အရိုးအကြောရောဂါ၊ သွားရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ အသည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို ခန္တီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဆင်ဟွာသတင်းအေဂျင်စီတို့ လုပ်ငန်းသဘောတူညီချက် Service Provision Agreement လက်မှတ်ရေးထိုးခြင်းနှင့် ဂီတအနုပညာရှင်များနှင့် တွေ့ဆုံပွဲသို့တက်ရောက်

# ဂီတအကယ်ဒမီဆုပေးပွဲကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပလိုမှုအပေါ် အချိန်မီဆောင်ရွက်နိုင်ရေး အခြားဂီတပညာရှင်များကို ဖိတ်ခေါ်၍ အကြံဉာဏ်ရယူပြီး အသေးစိတ်စီစဉ်ဆောင်ရွက်

**ရန်ကုန် မေ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဆင်ဟွာသတင်းအေဂျင်စီတို့ လုပ်ငန်းသဘောတူညီချက် Service Provision Agreement သတင်းဝန်ဆောင်မှု အသုံးပြုခြင်း စည်းကမ်းချက်ဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အားပေးသည်။




မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဆင်ဟွာသတင်းအေဂျင်စီ၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာဗျူရို၊ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Li Kai တို့က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဆင်ဟွာသတင်းအေဂျင်စီတို့အကြား သတင်းဝန်ဆောင်မှုအသုံးပြုခြင်း စည်းကမ်းချက်ဆိုင်ရာ (မြန်မာ-အင်္ဂလိပ်) နှစ်ဘာသာဖြင့် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးစဉ်။

### လက်မှတ်ရေးထိုး

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဆင်ဟွာသတင်းအေဂျင်စီ၊ အာရှ-ပစိဖိတ်ဒေသ ဆိုင်ရာဗျူရို၊ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Li Kai တို့က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဆင်ဟွာသတင်းအေဂျင်စီတို့ လုပ်ငန်းသဘောတူညီချက် Service Provision Agreement ကို (မြန်မာ-အင်္ဂလိပ်) နှစ်ဘာသာဖြင့် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆင်ဟွာသတင်းအေဂျင်စီ၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာဗျူရို၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ဆင်ဟွာသတင်းအေဂျင်စီအဖွဲ့မှလည်း အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆင်ဟွာသတင်းဌာန (XINHUA NEWS AGENCY) ကို ၁၉၃၁ ခုနှစ်တွင် Red China News Agency အနေဖြင့် စတင်ဆောင်ရွက်ခဲ့ရာမှ ၁၉၃၇ ခုနှစ်အတွက် လက်ရှိအမည်ဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့သော နိုင်ငံပိုင်သတင်းဌာနတစ်ခုဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ သတင်းဗျူရို ၁၈၀ ဖွင့်လှစ်၍ ဝန်ထမ်းအင်အား တစ်သောင်းကျော်ဖြင့် သတင်းရယူပြီး တရုတ်နိုင်ငံတွင် ဘာသာစကား ခြောက်မျိုးနှင့် နိုင်ငံတကာတွင် ဘာသာစကား ရှစ်မျိုး စုစုပေါင်းဘာသာစကား ၁၄ မျိုးဖြင့် News Media အသုံးပြု၍ ထုတ်လွှင့်နေခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းတို့ သတင်းဌာန၏ မူဝါဒမှာသတင်းအကြောင်းအရာများ မှန်ကန်ခြင်းနှင့် မျှတခြင်းဖြစ်ပြီး ၎င်းတို့ သတင်းများကို ပြည်တွင်း၊ ပြည်ပနိုင်ငံများသို့ ဖြန့်ဖြူးရောင်းချခြင်း၊ သတင်းဖလှယ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ MRTV နှင့် သတင်းများ အခမဲ့ဖလှယ်အသုံးပြုရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ဆက်လက်၍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် လုပ်ငန်းသဘောတူညီချက် Service Provision Agreement ကို ဦးစွာလက်မှတ်ရေးထိုး ဆောင်ရွက်ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ) ၌ Myanmar International (MI) Channelမှ အပတ်စဉ် တင်ဆက်လျက်ရှိသည့် Quiz Time အစီအစဉ် ရိုက်ကူးမှုကို ကြည့်ရှုအားပေးပြီး ယင်းအစီအစဉ်တွင် ပါဝင်ကြသည့် ဝူရှူး(ထိုက်ချီ) သရုပ်ပြသူ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (ကမာရွတ်) Grade-7 မှ မမြဖူးယသော်နှင့် ကီးဘုတ်တီးခတ်သူ Mercury Private School Grade-10 မှ မမိုးသဲနွယ်တို့ကို နှုတ်ဆက်ပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (ဘီ) ၌ နိုင်ငံတော်သံစုံတီးဝိုင်း၏ နိုင်ငံတကာသီချင်းများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(၁)၌ မေ ၁၈ ရက်တွင် ရောက်ရှိမည့် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အစီအစဉ်အဖြစ်ထုတ်လွှင့်မည့် "ရှာဖွေသုတပညာမျှ ပြတိုက်များကဏ္ဍ" စကားဝိုင်းဆွေးနွေးပွဲ ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးပြီး ယင်းအစီအစဉ်တွင် ပါဝင်ဆွေးနွေးကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဦးဆောင်သည့်အဖွဲ့အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ စတူဒီယို(၂)၌ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ထုတ်လွှင့်မည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ သာသနာ့ဝေပုလ္လကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဝိဒ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ၏ တရားတော် ရိုက်ကူးထုတ်လွှင့်ရန် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုသည်။

### ဂီတပညာရှင်များအား စုစည်းတွေ့ဆုံ

မွန်းလွဲပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ဂီတအကယ်ဒမီဆုပေးပွဲ ပြုလုပ်နိုင်ရန်အတွက် ဂီတအနုပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) မှ တာဝန်ရှိသူများနှင့် သီးခြားဖိတ်ကြားထားသော ဂီတပညာရှင်များအား စုစည်းတွေ့ဆုံ၍ ဂီတလောကမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးနိုင်ရန်ဖြစ်ပါကြောင်း၊ ယခုအခါ ဂီတလောကသားများအနေဖြင့် ဂီတစွမ်းရည်ကို စုစည်းပြသရန် အချိန်အခါသင့်ပြီ ဟုမြင်ပါကြောင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ အကြံပြုတင်ပြလာသည့် ၂၀၂၄ ခုနှစ် ဇွန် ၂၇ ရက်တွင် မြန်မာနိုင်ငံဂီတနေ့ အခမ်းအနားကို ဂီတသမားများအားလုံး ပူးပေါင်းပါဝင် ဆင်နွှဲနိုင်ရန်နှင့် ခမ်းနားထည်ဝါစွာ၊ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုပါကြောင်း၊ တစ်ဆက်တည်းတွင် ဂီတအကယ်ဒမီဆုပေးပွဲ (Music Academy Awards) ကျင်းပရေးနှင့် ပတ်သက်၍ ဂီတလောကသားများ၏ တူညီသောဆန္ဒနှင့် စိတ်အားထက်သန်မှု၊ ရွေးချယ်ပေးအပ်မည့် ဆုအမျိုးအစားအရေအတွက်နှင့် ဆုချီးမြှင့်ရန်ပမာဏ၊ ဆုရွေးချယ်စိစစ်ရေးအဖွဲ့နှင့် ရွေးချယ်မှုစနစ်ပုံစံစသည်ဖြင့် အသေးစိတ် ဆွေးနွေးကြစေလိုပါကြောင်း၊ ဆက်လက်၍ ဂီတလောကမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဖော်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံဂီတအစည်းအရုံးကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသွားရန်နှင့် လုပ်ငန်းစဉ်များ သတ်မှတ်ဖော်ဆောင်နိုင်ရန်တို့အတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) (ယာယီအမှုဆောင်အဖွဲ့) ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တာဝန်ရှိသူများ၊ သီးခြားဖိတ်ကြားထားသော ဂီတပညာရှင်များက မြန်မာ့ဂီတနေ့ကျင်းပရေး၊ ဂီတအကယ်ဒမီဆုပေးပွဲ (Music Academy Awards) ကျင်းပနိုင်ရန်နှင့် ဂီတလောကဖွံ့ဖြိုးတိုးတက်ရေးတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး ယာယီအမှုဆောင်အဖွဲ့ကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုမှုတို့ကို အသီးသီး ဆွေးနွေးတင်ပြကြရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဌာနမှ ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် လုပ်ငန်းစဉ်များအား ပြန်လည်ရှင်းလင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဂီတနေ့ကို ရန်ကုန်မြို့၌ ၂၀၂၄ ခုနှစ် ဇွန် ၂၇ ရက်တွင် ဂီတလောကသားများအားလုံး စုစည်းညီညွတ်စွာ၊ အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် ဂီတစွမ်းရည်ကို ပြသနိုင်ရန်ဖြစ်ပါကြောင်း၊ ဂီတအကယ်ဒမီဆုပေးပွဲကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပလိုမှုအပေါ် အချိန်မီဆောင်ရွက်နိုင်ရေး အခြားဂီတပညာရှင်များကို ဖိတ်ခေါ်၍ အကြံဉာဏ်ရယူပြီး အသေးစိတ် စီစဉ်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးကိုလည်း ဂီတလောကသားများ၏ဆန္ဒဖြင့် အကောင်းဆုံးဖြစ်အောင် ဖွဲ့စည်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဂီတအကယ်ဒမီဆုပေးပွဲပြုလုပ်နိုင်ရန်အတွက် ဂီတအနုပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

# ကိုဗစ် - ၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် မေ ၁၅

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ် စဉ် (၂/၂၀၂၄) ကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်၏ လုည့်ပတ်ရန်ပုံငွေကျပ် ဘီလီယံ ၅၀ ပြန်လည်ပေးဆပ်ပြီးစီးမှု အခြေအနေ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အထွေထွေ ပိုလျှံရန်ပုံငွေမှ ထုတ်ပေးထားသည့် ငွေကျပ်ဘီလီယံ ၁၅၀ မှ ငွေကျပ် ၂၀ ဘီလီယံ၊ စုစုပေါင်းငွေကျပ် ၇၀ ဘီလီယံကို ပြန်လည် ပေးဆပ်ပြီးစီးမှု အခြေအနေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်းတစ်နှစ် ထပ်မံ တိုးမြှင့်ပေးပြီးကြောင်း အခြေအနေ၊ ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ချေးငွေအား ကောက်ခံရရှိရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ်ကြပ်မတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်နယ်/ တိုင်းဒေသကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများမှ အတိုးအရင်း ကောက်ခံရရှိမှုနှင့် သက်ဆိုင်ရာဌာနများ၊ ချေးငွေကြီးကြပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေး တက်ရောက် လာကြသူများက ကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု၊ သက်တမ်းစေ့ပြီး ချေးငွေပြန်လည်ကောက်ခံရေး အစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်



ပဲခူး မေ ၁၅

၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို မေ ၁၅ ရက် နံနက်ပိုင်းက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များက ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဆုချီးမြှင့်ပွဲ ကျင်းပရာ အကောင်းဆုံး အားကစားသမား ဆုရရှိသူတို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကို လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်ကလည်းကောင်း၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် တတိယဆုရ မိုးညိုမြို့နယ် အသင်းနှင့် သုံးယောက်တွဲပြိုင်ပွဲ တတိယဆုရ သနပ်ပင်မြို့နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက လည်းကောင်း၊ နှစ်ယောက်တွဲ ဒုတိယဆုရ ရွှေတောင်မြို့နယ်အသင်းနှင့် သုံးယောက်တွဲ ဒုတိယဆုရ ပဲခူးမြို့နယ် အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို စီးပွားရေးရာဝန်ကြီး ဦးတင်ဦးကလည်းကောင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ ပထမဆုရ တောင်ငူမြို့နယ် အသင်းနှင့် သုံးယောက်တွဲပြိုင်ပွဲ ပထမဆုရ ရွှေတောင်မြို့နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒိုင်လူကြီးများအား ဂုဏ်ပြုချီးမြှင့်ငွေ ခြောက်သိန်းကျပ်၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ တောင်ငူမြို့နယ် အသင်းအား ပထမဆုဖလားနှင့် ငွေသားဆု ငါးသိန်းကျပ်ကိုလည်းကောင်း၊ သုံးယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရ ရွှေတောင်မြို့နယ် အသင်းအား ပထမဆုဖလားနှင့် ငွေသားဆု ခုနစ်သိန်းကျပ်တို့အား ပေးအပ်ချီးမြှင့်ခဲ့သည်။ **(ဝဲပုံ)**


**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) အထူးဇုန်စိုက်ပျိုး ထုတ်လုပ်မှုတိုးတက်မြင့်မားရေး တောင်သူများအား နည်းပညာပေး

**တံတားဦး မေ ၁၅**

မန္တလေးတိုင်းဒေသကြီး ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) အထူးဇုန် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး တောင်သူများအား နည်းပညာပေးသင်တန်းကို မေ ၁၄ ရက် နံနက်က တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် တံတားဦးခရိုင် ဆီထွက်သီးနှံအထူးဇုန် လုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကိုလင်းက အမှာစကားပြောကြားပြီး ဆီထွက်သီးနှံအထူးဇုန် (၂) တာဝန်ခံ၊ ဒုတိယ တိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်ဝင်းထွန်းက ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) အထူးဇုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် တိုင်းဒေသကြီး မြေအသုံးချရေး တာဝန်ခံ ဒေါ်သက်သက်ထွန်းက မြေအသုံးချရေးဆိုင်ရာ နည်းပညာများ၊ တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်မင်းမင်းသွင်က မျိုးစေ့ဆိုင်ရာ နည်းပညာများနှင့် တိုင်းဒေသကြီး သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်သင်းသင်းထက်က သီးနှံကာကွယ်ရေးဆိုင်ရာ နည်းပညာများကို ရှင်းလင်းပြောကြားသည်။ အဆိုပါတောင်သူ ပညာပေးသင်တန်းသို့ တံတားဦးမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်များမှ ဝန်ထမ်းများနှင့် တောင်သူများ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့သည်။ **မောင်ကျော်ကြီး**



# နွေရာသီအဆင့်မြင့်အားကစားသင်တန်းများဆင်း

**ဘားအံ မေ ၁၅**

ကရင်ပြည်နယ် ဘားအံမြို့၌ နွေရာသီအဆင့်မြင့် အားကစားသင်တန်းကို ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ဂျူဒို၊ ကရာတေး အစရှိသော အားကစားနည်း ခုနစ်နည်းဖြင့် ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ရာ မေ ၁၅ ရက် နံနက် ၁၀ နာရီက စုပေါင်းသင်တန်းဆင်းပွဲကို ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၃၆ ဦးဖြင့် မေ ၁ ရက်မှ ၁၅ ရက်အထိ သင်ကြားပို့ချပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအနေဖြင့် ကရင်ပြည်နယ်နှင့် နိုင်ငံတော်၏ နောင်အနာဂတ်ကာလများတွင် အားကိုးအားထားပြုလောက်သည့် ထူးချွန်ထက်မြက်သူများအဖြစ် မိမိကိုယ်ကိုပြုစု ပျိုးထောင်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး နွေရာသီအဆင့်မြင့် အားကစားသင်တန်း အားကစားနည်းများအလိုက် ဆုရအားကစားသမားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် နွေရာသီအဆင့်မြင့် အားကစားသင်တန်း ကရာတေးအဖွဲ့၊ ဂျူဒိုအဖွဲ့နှင့် Fitness Dance အဖွဲ့များက သရုပ်ပြဖျော်ဖြေတင်ဆက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# မြန်မာ - တရုတ် ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (FAM Trip) တွင် လိုက်ပါခဲ့ကြသည့် ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံ၏ သာယာလှပသည့် ခရီးစဉ်ဒေသများကို နှစ်သက်သဘောကျကြမည်ဟုယုံကြည်

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသော မြန်မာ- တရုတ် ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (Familiarization Trip–FAM Trip) တွင် လိုက်ပါလာကြသည့် ကိုယ်စားလှယ်များကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌တွေ့ဆုံရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ အရာထမ်းများ တက်ရောက်ကြသည်။




တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မြန်မာ – တရုတ် ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (FAM Trip) တွင် လိုက်ပါခဲ့ကြသည့် ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံ၏ သာယာလှပသည့် ခရီးစဉ်ဒေသများကို နှစ်သက်သဘောကျကြမည်ဟု ယုံကြည်ပါကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်ပြီး ပြည်တွင်းပြည်ပခရီးသွားများအတွက် အလွယ်တကူလာရောက်လည်ပတ်နိုင်သော အချက်အချာကျသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ပါကြောင်း၊ နေပြည်တော်သည် ပြပွဲများနှင့် အစည်းအဝေးများကျင်းပခြင်းဆိုင်ရာ ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ပြည့်စုံမှုရှိပါကြောင်း၊ နေပြည်တော်တွင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် ခရီးသွားဆွဲဆောင်ရာနေရာ ၃၈ နေရာရှိသည့်အတွက် လာရောက်မည့် ခရီးသွားဧည့်သည်များက ရသမျိုးစုံခံစားနိုင်သော ခရီးစဉ်ဒေသတစ်ခုပင် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေနှင့် နေပြည်တော်သို့ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးအတွက် အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများဖြင့် နိုင်ငံတကာမှ မီဒီယာများ၊ ခရီးသွားအဖွဲ့အစည်းများနှင့် ကုမ္ပဏီများကို ဖိတ်ခေါ်၍ ဖန်ထရစ်ခရီးစဉ်များ၊ Tour Package နှင့် ခရီးသွားအစီအစဉ်များတွင် ထည့်သွင်းရေးဆွဲခြင်းများ၊ ခရီးစဉ် မြှင့်တင်ကြော်ငြာခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများ သွားရောက်ခဲ့သည့် ခရီးစဉ်များတွင် “One Tourist One Tree” ပုံစံဖြင့် သစ်ပင်စိုက်ပျိုးမှုအစီအစဉ်ကို အမှတ်တရ အစီအစဉ်တစ်ခုအဖြစ် ထည့်သွင်းပေးထားခဲ့ပါကြောင်း၊ ယခု ဖန်ထရစ် ခရီးစဉ် (FAM Trip) တွင် လိုက်ပါလာကြသည့် ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ခရီးစဉ်ပြီးမြောက်၍ မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါတွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များနှင့် သွားလာလည်ပတ်စရာကောင်းသော ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်မျှဝေပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (FAM Trip) တွင် ဦးဆောင်လိုက်ပါလာသည့် မြန်မာ–တရုတ်ခရီးသွားမြှင့်တင်ရေးအဖွဲ့ ဥက္ကဋ္ဌ Mr. David Liu က ၎င်းတို့အနေဖြင့် တရုတ်နိုင်ငံတွင် ကြားသိရသော မြန်မာနိုင်ငံ၏ ပုံရိပ်ကိုထိခိုက်နိုင်သည့် သတင်းများမှာ ယခုလာရောက်ရာတွင် သတင်းတုသတင်းမှားများဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံမှာ ဆွဲဆောင်မှုရှိပြီး သဘာဝသယံဇာတများ ပေါကြွယ်ဝ၍ လာရောက်လည်ပတ်သင့်သော ခရီးစဉ်ဒေသတစ်ခုဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေအား ယခုခရီးစဉ်တွင် တရုတ်မီဒီယာများ၌ တိုက်ရိုက်လွှင့်တင်လျက်ရှိပြီး တရုတ်နိုင်ငံသို့ ပြန်ရောက်သည့်အခါတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် လွှင့်တင်သွားမည်ဖြစ်ပါကြောင်း၊ ယခုခရီးစဉ်၏ အကျိုးရလဒ်အနေဖြင့် မြန်မာနိုင်ငံသို့ တရုတ်ခရီးသွားများ ပိုမိုဝင်ရောက်လာမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ယခုခရီးစဉ်ကို အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေး ကောင်းမွန်စွာ စီစဉ်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်(FAM Trip) တွင် လိုက်ပါခဲ့ကြသည့် ကိုယ်စားလှယ်များကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး Grand Amara Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအဖွဲ့တွင် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ဌာနများ၊ ခရီးသွားအေဂျင်စီများနှင့် မီဒီယာများ ပါဝင်ပြီး ၎င်းတို့အဖွဲ့အနေဖြင့် ရန်ကုန်၊ ငွေဆောင်တို့သို့ သွားရောက်လည်ပတ်ခဲ့ကာ နေပြည်တော်၊ ပုဂံ၊ မန္တလေးတို့ရှိ ခရီးသွားဆွဲဆောင်ရာနေရာများသို့ ဆက်လက်သွားရောက် လည်ပတ်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အရည်အသွေးပြည့်ဝသည့် ငါးသားပေါက်များ လျာထားချက်ကျော်လွန်ဖြန့်ဖြူးပေးနိုင်ရေးကြိုးပမ်း

**နေပြည်တော် မေ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် လေးဒေါင့်ကန် ကျေးရွာအနီး အမှတ်(၂) လမ်းမကြီးပေါ်ရှိ ငါးလုပ်ငန်းဦးစီးဌာန လေးဒေါင့်ကန် ငါးလုပ်ငန်းစခန်း၏ ငါးမွေးမြူထုတ်လုပ်ခြင်း နည်းပညာပေးလုပ်ငန်း၊ ငါးမျိုးသားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ငါးလုပ်ငန်းစခန်း၏ လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ရေး၊ ပုဂ္ဂလိက ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောင်းမွန်သော ငါးမွေးမြူရေး (GAqP–ဂျီအေကျူပီ) ကျင့်စဉ်လိုက်နာ ဆောင်ရွက်မှု တိုးတက်ရေး ဆွေးနွေးမှာကြားသည်။

လေးဒေါင့်ကန် ငါးလုပ်ငန်းစခန်းမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း ငါးသယံဇာတများ ပေါကြွယ်ဝစေရေး အတွက် သဘာဝရေပြင်များတွင် ငါးမျိုးစိုက်ထည့်ပေးနိုင်ရေး၊ ဒေသနှင့် ကိုက်ညီသည့် ပြည်တွင်း ပြည်ပ ငါးမျိုးသစ်များ စမ်းသပ်သားဖောက်ထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ ငါးမျိုးကောင်းမျိုးသန့်များ ပိုမိုဖြန့်ဖြူးထုတ်လုပ်နိုင်ရန်နှင့် ငါးသားပေါက် မွေးမြူနည်းစနစ်များကို ငါးမွေးမြူသူများထံသို့ ဖြန့်ဖြူးပေးနိုင်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန ကျောက်တန်း ပုစွန်သားပေါက်စခန်း၏ မြန်မာ့မျိုးရင်း ရေချိုပုစွန်မျိုးကောင်းမျိုးသန့် သားပေါက်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ရေချိုပုစွန် သားဖောက်ခြင်းလုပ်ငန်းကို သတ်မှတ်လျာထားကောင်ရေ ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရန်နှင့် ပုစွန်မွေးတောင်သူများကို နည်းပညာပေးသင်တန်းများ ပို့ချပေးနိုင်ရေး အလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ ရောက်ရှိရာ တာဝန်ရှိသူက လက်ရှိမွေးမြူထားရှိသည့် ဘဲ၊ ငါးနှင့် ငါးသားပေါက်များ စနစ်တကျ မွေးမြူထားရှိမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားပြီး သီလဝါစက်မှုဇုန်ရှိ တိရစ္ဆာန်အစာတွင် ထည့်သွင်းသည့် Han Yoma ဆေးဝါးစက်ရုံကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကင်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေး ဆိုင်းဘုတ်စိုက်ထူ



**ရန်ကင်း မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တွင် ယနေ့ နံနက် ၉ နာရီခွဲက ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ယူဖို့ကျောင်းအပ်နှံကြပါစို့ ဆိုင်းဘုတ်စိုက်ထူပွဲကို အခြေခံပညာကျောင်းများ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆိုင်းဘုတ်စိုက်ထူပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ကျော်ကျော်၊ အဖွဲ့ဝင်(၂) ဦးမြင့်ဇော်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သီသီလတ်၊ မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းရည်မွန်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်လှလှထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လဝကမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများက ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် “ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့” ဆိုင်းဘုတ်ကို အ.ထ.က (၁)၊ အ.ထ.က (၂) နှင့် လေ့ကျင့်ရေး အလယ်တန်းကျောင်းရှေ့တို့၌ ဆိုင်းဘုတ်တင်ခဲ့ကြသည်။

၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင်ပညာသင်ကြားမည့် ကျောင်းသားကျောင်းသူများအား မေ ၂၃ ရက်မှစတင်၍ ကျောင်းအပ်နှံရေးရက်သတ္တပတ်အဖြစ် သတ်မှတ်ပြီး ဇွန် ၂ ရက်အထိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။ **လှလှထွေး(ပြန်/ဆက်)**

# အကြမ်းဖက်မှုသံသရာနှင့် သမိုင်းသင်ခန်းစာ

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၏အရှေ့ဘက်ရှိ ဆုံရွာကျေးရွာကို မေ ၉ ရက် နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ထို့ပြင် အကြမ်းဖက်သမားများက ကျေးရွာအတွင်းရှိ အိမ်ခြေ ၅၀ ခန့်ကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြသည်။ လူမှုကွန်ရက်စာမျက်နှာများ၏ ဖော်ပြချက်များအရ သေဆုံးသူများထဲတွင် ကလေးငယ်အချို့လည်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။

ဇာနည်ဘွား

■ ၁၉၅၉ ခုနှစ် အောက်တိုဘာလ ၂၀ ရက်စွဲဖြင့် ထုတ်ဝေသော ကော်သူးလေ ရဲဘော်များ၏ တင်ပြချက်များဖြစ်သည့် ကော်သူးလေ တော်လှန်ရေးစစ်တမ်းတွင်လည်း "ဗမာအမျိုးသားများ၏ ဖိနှိပ်ချုပ်ချယ်မှုကို မခံမရပ်နိုင်၍ ငါတို့တော်လှန်ခဲ့ကြသည်ဟုဆိုသော်လည်း ငါတို့သိမ်းပိုက်ပြီးသော နယ်မြေများအတွင်းရှိ ဗမာ၊ မွန်၊ ပအိုဝ်း၊ ကုလား၊ တရုတ် အစရှိသော လူမျိုးစုမှန်သမျှကို ငါတို့ဖိနှိပ်ချုပ်ချယ် လက်ဝါးကြီးအုပ်ခဲ့ကြသည်။ နိုင်ငံရေးစကားအရပြောလျှင် ဗမာလူမျိုးကြီးဝါဒကို ငါတို့တော်လှန်ခဲ့ကြသော်လည်း ငါတို့အာဏာစိုက်ထူနိုင်သော အချိန်ပိုင်းကလေးတွင်ပင် အခြားလူမျိုးစုအားလုံးအပေါ်တွင် ငါတို့သည် ပိုမိုရက်စက်ကြမ်းကြုတ်သော ကရင်လူမျိုးကြီးဝါဒတစ်ရပ်ကို ကျင့်သုံးခဲ့ကြပေသည်။ ထို့ကြောင့်လည်း မည်သည့်လူမျိုးစုမျှ အကြွင်းမဲ့ထောက်ခံမှုကို ငါတို့မရခဲ့ကြသည်သာမက ငါတို့အား အထင်သေးမှု၊ မုန်းတီးရွံရှာမှုတို့ကို ဖြစ်ပေါ်စေခဲ့သည်။ လက်နက်ကိုင်အနေဖြင့် ကျေးရွာပြည်သူလူထုအား နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ရမ်းကားခြင်းများ ပြုလုပ်ကြလေရာ အခြားအမျိုးသားမဆိုထားဘိ ကရင်အမျိုးသားကပင်လျှင် ငါတို့အား ရွံရှာစက်ဆုပ်ကာ တော်လှန်ရေးကိုပင် ငြီးငွေ့လာကြပေသည်"ဟု စသည်ဖြင့် သုံးသပ်ဖော်ထုတ်ခဲ့သည်။ ထို့ပြင် ကရင်တော်လှန်ရေး အဘယ်ကြောင့် ရှုံးနိမ့်ရသည်ကို ပြန်လည်သုံးသပ်ရာတွင် နယ်ချဲ့သမားကို အလွန်အကျွံအားကိုးခြင်း၊ စစ်ဘုရင်ဝါဒထွန်းကားလာခြင်း၊ လူထုဆန့်ကျင်ရေး အကြမ်းဖက်လုပ်ငန်းများ ထွန်းကားလာခြင်းတို့ကြောင့်ဟု ဆိုကြသည်

မြင်းခြံမြို့နယ် ဆုံရွာကျေးရွာ၌ အကြမ်းဖက်သမားများ၏ လူမဆန်စွာ ကျူးလွန်ခဲ့ကြသည့် ရက်စက်ကြမ်းကြုတ်မှုအပေါ် မြန်မာနိုင်ငံရှိ ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများက ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ရှုတ်ချခဲ့ကြသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့အထိ သုံးနှစ်တာကာလအတွင်း ရဟန်းသံဃာ ၇၇ ပါး ပျံလွန်ကာ သီလရှင် နှစ်ပါး၊ အပြစ်မဲ့ပြည်သူ ၅၆၇၇ ဦး၊ နိုင်ငံ့ဝန်ထမ်း ၁၁၂၄ ဦး စုစုပေါင်း ၆၈၈၀ သေဆုံးခဲ့သည်။

ထို့ပြင် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် တိုင်းရင်းသားလက်နက်ကိုင် EAO အဖွဲ့အချို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် လမ်း၊ တံတားများ၊ တာဝါတိုင်များ၊ လျှပ်စစ်ဓာတ်အားခွဲရုံများ၊ မီးရထားလမ်းများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အအုံများအပါအဝင် အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများစွာလည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။

### အကြမ်းဖက်လမ်းစဉ်အတိုင်း ဆက်လက်လျှောက်လှမ်းနေ

PDF အမည်ခံ အကြမ်းဖက်သမားများနှင့် တိုင်းရင်းသားလက်နက်ကိုင် EAO အဖွဲ့အချို့သည် အတိတ်ကဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲအရ ပေါ်ပေါက်လာခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)၊ ကွန်မြူနစ်ပါတီဗမာပြည်(အလံနီ)နှင့် ကေအင်န်ယူအဖွဲ့များ၏အကြမ်းဖက်လမ်းစဉ်အတိုင်း ဆက်လက်လျှောက်လှမ်းနေခြင်းသာဖြစ်သည်ဟု ဆိုရပေမည်။

၁၉၄၉ ခုနှစ် မေလတွင် ကေအင်ဒီအို ကရင်သောင်းကျန်းသူများက ပဲခူးခရိုင် ဆိတ်ပျံကြီးရွာတွင် အမျိုးသား ၁၅၇ ယောက်တို့အား တစ်နေရာတွင် စုဝေးစေပြီး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ရာ တစ်ရွာလုံး မုဆိုးမဖြစ်ခဲ့ရသည်။ အလားတူ ကျောက်တံခါးမြို့နယ်အတွင်းရှိ ရွာများတွင်လည်း ယောကျ်ားမှန်သမျှကို သတ်ဖြတ်ခဲ့ကြသည်။

၁၉၅၀ ပြည့်နှစ် မတ်လ ၅ ရက်နေ့တွင် တပ်မတော်က ဖြူးမြို့ကို ပြန်လည်သိမ်းပိုက်ခဲ့ရာတွင် ကေအင်ဒီအို ကရင်သောင်းကျန်းသူများက မဆုတ်ခွာမီ မြို့သူမြို့သားများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်သွားခဲ့သည်။ တပ်မတော်သားများ ဖြူးမြို့သို့ တစ်လမ်းဝင် တစ်လမ်းထွက် ဝင်ရောက်လာသောအခါ လမ်းဘေး၊ အိမ်ပေါ်၊ အိမ်အောက်၊ မြောင်းတွင်း စသည့်နေရာအနှံ့တွင် ဓားနှင့်ခုတ်သတ်ထားသော အလောင်းများ ဖွေးဖွေးလှုပ်မျှရှိသည်ကို မြင်တွေ့ခဲ့ကြရသည်။ မြို့တွင်းသတ်ဖြတ်ခဲ့သော အလောင်းများ စာရင်းကောက်ယူရာတွင် သေဆုံးသူ ၃၅၀ ရှိပြီး အိမ်ခြေ ၄၀၀ ခန့်လည်း မီးလောင်ကျွမ်းခဲ့သည်။

၁၉၅၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် စစ်တောင်းမှ မုတ္တမသို့ ခုတ်မောင်းလာသော မီးရထားအား လင်းထင်ခေါင်းဆောင်သော ကေအင်ဒီအို ကရင်သောင်းကျန်းသူများက ဒုံးဝန်းဘူတာနှင့် သိမ်ဆိပ်ဘူတာအကြားတွင် မိုင်းခွဲတိုက်ခိုက်ခဲ့ပြီး ခရီးသည်များထံမှ ရွှေငွေပစ္စည်းများကို လုယက်ယူဆောင်သွားကြသည်။ ထိုမျှမက ရထားပေါ်တွင် ကျောင်းပိတ်၍ပြန်လာသည့် တက္ကသိုလ်ကျောင်းသူ ၄၀ ကျော် အပါအဝင် အမျိုးသမီး ၁၀၀ ကျော်ကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကာ ထိုင်းနယ်စပ်တွင် တပ်စွဲထားသော တရုတ်ကူမင်တန်တပ်မှ ဗိုလ်ချုပ်လောလီထံ လက်နက်ခဲယမ်းများနှင့် လဲလှယ်ရောင်းစားခဲ့ကြသည်။

ကေအင်န်ယူအဖွဲ့သည် ဆူပူသောင်းကျန်းမှုစတင်ကတည်းက အစုလိုက်၊ အပြုံလိုက် လူသတ်ပွဲများ၊ ရာဇဝတ်မှုများကို အကြီးအကျယ် ကျူးလွန်ခဲ့ကြသည်။ ကေအင်န်ယူအဖွဲ့သည် နယ်ချဲ့အားကိုးမှု၊ အမြင်ကျဉ်းမြောင်းမှုများဖြင့် အဖျက်လုပ်ငန်းများကို လုပ်ဆောင်ရာမှ စစ်ဘုရင်ဝါဒကိုကျင့်သုံးလာသည်ဟုဆိုသည်။ နောက်ဆုံး ကရင်လူထုကပါ လက်မခံတော့သောအခါ ၁၉၅၀ ပြည့်နှစ်မှစ၍ မြို့ပြများမှဆုတ်ခွာကာ တောကြိုအုံကြားသို့ ပြေးရတော့သည်။

### ကော်သူးလေ တော်လှန်ရေးစစ်တမ်း

၁၉၅၉ ခုနှစ် အောက်တိုဘာလ ၂၀ ရက်စွဲဖြင့် ထုတ်ဝေသော ကော်သူးလေ ရဲဘော်များ၏ တင်ပြချက်များဖြစ်သည့် ကော်သူးလေ တော်လှန်ရေးစစ်တမ်းတွင်လည်း "ဗမာ အမျိုးသားများ၏ ဖိနှိပ်ချုပ်ချယ်မှုကို မခံမရပ်နိုင်၍ ငါတို့တော်လှန်ခဲ့ကြသည်ဟုဆိုသော်လည်း ငါတို့သိမ်းပိုက်ပြီးသော နယ်မြေများအတွင်းရှိ ဗမာ၊ မွန်၊ ပအိုဝ်း၊ ကုလား၊ တရုတ် အစရှိသော လူမျိုးစုမှန်သမျှကို ငါတို့ဖိနှိပ်ချုပ်ချယ် လက်ဝါးကြီးအုပ်ခဲ့ကြသည်။ နိုင်ငံရေးစကားအရပြောလျှင် ဗမာလူမျိုးကြီးဝါဒကို ငါတို့တော်လှန်ခဲ့ကြသော်လည်း ငါတို့အာဏာစိုက်ထူနိုင်သော အချိန်ပိုင်းကလေးတွင်ပင် အခြားလူမျိုးစုအားလုံးအပေါ်တွင် ငါတို့သည် ပိုမိုရက်စက်ကြမ်းကြုတ်သော ကရင်လူမျိုးကြီးဝါဒတစ်ရပ်ကို ကျင့်သုံးခဲ့ကြပေသည်။ ထို့ကြောင့်လည်း မည်သည့်လူမျိုးစုမျှ အကြွင်းမဲ့ထောက်ခံမှုကို ငါတို့မရခဲ့ကြသည်သာမက ငါတို့အား အထင်သေးမှု၊ မုန်းတီးရွံရှာမှုတို့ကို ဖြစ်ပေါ်စေခဲ့သည်။ လက်နက်ကိုင်အနေဖြင့် ကျေးရွာပြည်သူလူထုအား နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ရမ်းကားခြင်းများ ပြုလုပ်ကြလေရာ အခြားအမျိုးသားမဆိုထားဘိ ကရင်အမျိုးသားကပင်လျှင် ငါတို့အား ရွံရှာစက်ဆုပ်ကာ တော်လှန်ရေးကိုပင် ငြီးငွေ့လာကြပေသည်"ဟု စသည်ဖြင့် သုံးသပ်ဖော်ထုတ်ခဲ့သည်။ ထို့ပြင် ကရင်တော်လှန်ရေး အဘယ်ကြောင့် ရှုံးနိမ့်ရသည်ကို ပြန်လည်သုံးသပ်ရာတွင် နယ်ချဲ့သမားကို အလွန်အကျွံအားကိုးခြင်း၊ စစ်ဘုရင်ဝါဒထွန်းကားလာခြင်း၊ လူထုဆန့်ကျင်ရေး အကြမ်းဖက်လုပ်ငန်းများ ထွန်းကားလာခြင်းတို့ကြောင့်ဟု ဆိုကြသည်။

စောဘဦးကြီးအလွန် ကေအင်န်ယူခေါင်းဆောင်အချို့သည် ကေအင်န်ယူတို့၏ ပထမလမ်းစဉ်မှာ မည်သည့်အနှစ်သာရမှမရှိဘဲ ထင်ရာစိုင်းဝါဒဖြစ်သည်ဟုဆိုကာ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပူးပေါင်းကာ

(၁) နယ်ချဲ့ပဒေသရာဇ်နှင့် မဟာလူမျိုးကြီးဝါဒ ဆန့်ကျင်ရေး၊
(၂) ကရင်ပြည်နယ်ရရှိရေး၊
(၃) ကရင်အမျိုးသားဘဝလွတ်မြောက်ရေး၊
(၄) အဖျက်သမားများ၊ အချောင်သမားများအား ဆန့်ကျင်တိုက်ခိုက်ရေးဟူသည့် ဒုတိယလမ်းစဉ်ကို ချမှတ်ခဲ့သည်။ ကေအင်န်ယူပါတီသည် "ဒုတိယလမ်းစဉ်"အား "တိုးတက်သော တော်လှန်သော လမ်းစဉ်" ဟု ဆိုသည်။

သို့သော် မန်းဘဇန်တို့ ချမှတ်ပေးသော ဒုတိယလမ်းစဉ်ကို ပဲခူးရိုးမဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသတွင်သာ ကျင့်သုံးနိုင်ခဲ့ပြီး အရှေ့တိုင်းခေါ် စစ်တောင်းမြစ်နှင့် အရှေ့ဘက် နယ်နိမိတ်မျဉ်းအကြားရှိ ကရင်ပြည်နယ်တွင် ကျင့်သုံးနိုင်ခဲ့ခြင်း မရှိပေ။ အရှေ့တိုင်း ကေအင်န်ယူများသည် အကြမ်းဖက်ဝါဒကို ကျင့်သုံးဆဲဖြစ်သည်။

မြစ်ဝကျွန်းပေါ်တိုင်းရှိ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ကေအင်န်ယူပါတီတို့သည်လည်း အမျိုးသားဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု (မဒညတ) ဟူသောအမည်ဖြင့် ဒေသခံပြည်သူတို့အပေါ် ဆက်ကြေးတောင်း၊ လုယက်ညှဉ်းပန်းနှိပ်စက်ရုံမက မထင်ရင်မထင်သလို သတ်ဖြတ်ခဲ့ကြပြန်သည်။

ရောဝတီမြစ်အတွင်း၌ ခရီးသည်တင်သင်္ဘောကြီးများဖြစ်သော ရွှေပြည်သာ၊ ရေတမာ၊ ဒဂုံမေ၊ ဒဂုံလွင်၊ တိုးကွယ်၊ မင်းကြီး၊ မင်းလှ၊ ချမ်းသာကြီးတို့ကို အဓမ္မဖမ်းဆီးခဲ့ပြီး ခရီးသည်များထံမှ ရွှေငွေပစ္စည်းများကို လုယက်ခဲ့ကြသည်။ ဧရာဝတီမြစ်အတွင်း ခရီးသွားလာရေးများကို ပိတ်ပင်တားဆီးခဲ့ကြသည်။

### အစိုးရကျောင်းများကို အဓမ္မပိတ်ပင်စေခဲ့

ထို့ပြင် "ဖောက်ပြန်သော ဖက်ဆစ်အစိုးရ၏ ကျွန်ပညာရေးနှင့် ဖောက်ပြန်သောလူမှုရေးကို အခြေခံသည့်ကျောင်းများနှင့် ဆေးပေးဌာနများကို ဖျက်ဆီးပစ်ရမည်"ဟုဆိုကာ အစိုးရကျောင်းများကို အဓမ္မပိတ်ပင်စေခဲ့သည်။ ကျောင်းများကို မီးရှို့ခဲ့သည်။ ဆေးပေးခန်းများကို ဖျက်ဆီးခဲ့ကြသည်။ တောင်သူလယ်သမားတို့၏ သားသမီးများမှာ စာသင်ချိန်အရွယ်တွင် စာမသင်ကြရဘဲ စာမတတ်၊ ပေမတတ်ဖြစ်ခဲ့ကြရသည်။ ဆေးပေးဌာနများ၌လည်း ဆေးကုသခွင့်မပြုခဲ့ကြချေ။

၁၉၆၇ ခုနှစ် မေလ ၂၉ ရက်နေ့ ညတွင် မြောင်းမြခရိုင် ဗမာပြည်ကွန်မြူနစ်ပါတီ လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် မြောင်းမြခရိုင် လပွတ္တာမြို့နယ် ရွှေးမြစ်ကမ်းဘေးရှိ အိမ်ခြေ ၈၀၀ ကျော်

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ရှိသော ရွှေပြည်သာရွာကို မီးတုတ်တင်၍ ရှို့ခဲ့ကြသည်။ ရွှေပြည်သာရွာသည် တော်လှန်ရေးအစိုးရ၏ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ရွာသစ်တည်ထားခြင်းဖြစ်၍ ဗမာပြည်ကွန်မြူနစ်ပါတီက ရွှေပြည်သာရွာအား အာဏာနီတည်ဆောက်ရေး၏ အဟန့်အတားဖြစ်သည်ဆိုကာ မီးတင်ရှို့ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြောင်းမြခရိုင်အတွင်းရှိ မဒညတ တပ်ဖွဲ့ဝင်များသည် ရိက္ခာရရှိရေးအတွက် အရေးပေါ်ညွှန်ကြားချက်အရ အစိုးရကို စပါးရောင်းချမှု ပိတ်ပင်ရုံမက ဝမ်းစာကြိတ်ခွဲရန်သွားသော စပါးများကို လမ်းခုလတ်မှဖြတ်၍ သိမ်းဆည်းလုယက်ယူငင်ခဲ့ကြရာ ဒေသခံ ကရင်-ဗမာ တောင်သူလယ်သမားကြီးများမှာ ဝမ်းစာအတွက်ပင် ရတက်မအေး ဖြစ်ခဲ့ကြရသည်။ မဒညတအဖွဲ့ဝင်များ၏ ထိုကဲ့သို့ ဆက်ကြေးတောင်း၊ လုယက်၊ ညှဉ်းပန်းနှိပ်စက်၊ သတ်ဖြတ်၊ မီးရှို့ စသည့်အကြမ်းဖက်လုပ်ရပ်များကို အနှစ်နှစ်အလလ အလူးလူးအလိမ့်လိမ့်ခံခဲ့ကြရသော တိုင်းရင်းသားပြည်သူအပေါင်းသည် သည်းမခံနိုင်တော့သည့်အဆုံး အုံကြွပေါက်ကွဲလာခဲ့ကြသည်။

**ပြန်လည်တွန်းလှန်တိုက်ခိုက်ခဲ့**

တံခွန်တိုင်၊ လမ်းသမိုင်ရွာမှ အစပြု၍ သောင်းကျန်းသူများကို ဆန့်ကျင်လာကြသည်။ သောင်းကျန်းမှုဆန့်ကျင်ရေး ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်း၍ ဓားရှည်များ၊ လှံများ၊ မိန်းများ၊ ဝါးချွန်များ၊ ဒူးလေးများ စသည့် ရရာလက်နက်ကို ကိုင်စွဲကာ အကြမ်းဖက်သောင်းကျန်းသူများအား ပြန်လည်တွန်းလှန်တိုက်ခိုက်ခဲ့ကြလေသည်။

ထိုမှတစ်ဆင့်တက်၍ **ဒေသခံ ကရင်-ဗမာ တိုင်းရင်းသားပြည်သူများသည် တပ်မတော်နှင့် ပူးပေါင်းလက်တွဲကာ မြစ်ဝကျွန်းပေါ်ဒေသမှ သောင်းကျန်းသူများကို အမြစ်ဖြတ်ချေမှုန်းခဲ့ကြသည်။ နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့ ပူးပေါင်း ပါဝင်ဆင်နွှဲခဲ့သော ရွှေလင်းယုန်၊ မိုးဟိန်းစစ်ဆင်ရေးအောင်ပွဲများနှင့်အတူ မြစ်ဝကျွန်းပေါ်ဒေသသည် သောင်းကျန်းမှုကင်းစင်သော အဖြူရောင်နယ်မြေ ဖြစ်လာခဲ့ပေသည်။**

သခင်စိုး၏ အလံနီကွန်မြူနစ်ပါတီသည်လည်း ဒေသခံပြည်သူများထံမှ ဆန်လုသည်။ ပစ္စည်းလုသည်။ ပြီးလျှင် ရွာမီးတင်ရှို့သည်။ အမြင်မတူသူများ၊ မထောက်ခံသူများ၊ ဆန့်ကျင်သူများကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ကြသည်။

၁၉၆၀ ပြည့်နှစ် ဧပြီလ ၂၇ ရက်နေ့တွင် အလံနီကွန်မြူနစ်ပါတီသည် ပခုက္ကူခရိုင် ထီးလင်းမြို့နယ် ဆင်စွယ်ရွာမှ ရွာသားများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည်။ တပ်မတော်သားများဟန်ဆောင်ကာ ရွာသို့ဝင်၍ ရွာသားများအား ပစ္စည်းသယ်ပိုးပေးရန်ဟုဆိုကာ အားလုံးကိုစုဝေးစေပြီး လက်ပြန်ကြိုးတုပ်၍ ရက်စက်စွာ ခုတ်ဖြတ်သတ်ဖြတ်ခဲ့လေသည်။ ၇၂ ဦး ပွဲချင်းပြီးသေဆုံး၍ နှစ်ဦးမှာ နောက်တွင် သေဆုံးသည်။

ဗိုလ်ချုပ်စန်းယုနှင့် အဖွဲ့ဝင်များ မန္တလေးမှ အမြန်သွားရောက်သောအခါ အလောင်းတွေ ထပ်လျက်ရှိသေးသည်။ မိန်းမတွေသာ စိတ်နာသောမျက်နှာထားဖြင့် ကျန်ရစ်တော့သည်။ တပ်မတော်က ယူလာသော ရိက္ခာကို ဝေ၍ ကျွေးမွေးရသည်။ သံဃာကိုပင့်၍ ဆွမ်း၊ ပစ္စည်းကပ်လှူကာ သရဏဂုံတင်၊ သင်္ဂြိုဟ်ခြင်းပြုလုပ်ရသည်။ ရွာကိုစောင့်ရှောက်ပေးရသည်။ ကူညီထူထောင်ပေးရသည်။ အလုပ်အကိုင်ရှာပေးရသည်။ ရွာသူ ရွာသားများနှင့် ကလေးများကို ရန်ကုန်မြို့သို့ စိတ်ပြေလက်ပျောက် ဘုရားဖူးပို့ပေးသည်။ အချို့သော ဆင်စွယ်ရွာမှ လူငယ်များအား ရန်ကုန်မြို့သို့ပို့ကာ ပညာသင်စေသည်။

> ❍ ဒေသခံ ကရင် - ဗမာ တိုင်းရင်းသားပြည်သူများသည် တပ်မတော်နှင့် ပူးပေါင်းလက်တွဲကာ မြစ်ဝကျွန်းပေါ်ဒေသမှ သောင်းကျန်းသူများကို အမြစ်ဖြတ်ချေမှုန်းခဲ့ကြသည်။ နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့ ပူးပေါင်း ပါဝင်ဆင်နွှဲခဲ့သော ရွှေလင်းယုန်၊ မိုးဟိန်းစစ်ဆင်ရေးအောင်ပွဲများနှင့် အတူ မြစ်ဝကျွန်းပေါ်ဒေသသည် သောင်းကျန်းမှုကင်းစင်သော အဖြူရောင်နယ်မြေ ဖြစ်လာခဲ့ပေသည်

**ဆင်စွယ်ရွာ အစုလိုက် အပြုံလိုက် လူသတ်ပွဲ အပြီးတွင် သခင်စိုး၏အလံနီကွန်မြူနစ်ပါတီသည်လည်း နာလန်မထူတော့ချေ။ ပြည်သူက အလံနီကို မုန်းလေပြီ။ အလံနီအား ရွာနားအကပ်မခံ။ အလံနီသတင်း တပ်မတော်ကိုပေးသည်။ ဆင်စွယ်ရွာသည် အလံနီ၏ ဘဝနိဂုံး၏အစ ဖြစ်ခဲ့လေသည်။**

၁၉၇၀ ပြည့်နှစ်တွင် ယော၊ ဆောအနီး နှမတော်တောင်၊ ဒူးတော်တောင်တွင် သခင်စိုးတို့ရှိသည်သတင်းရ၍ တပ်မတော်နှင့် ပြည်သူ့စစ်တို့က အင်အားအလုံးအရင်းဖြင့် ပြေးပေါက်မရှိအောင် ဝိုင်းရံထားလိုက်ကြသည်။ ဘေးပတ်ဝန်းကျင်ရွာများကလည်း ရိက္ခာမပေး၊ ခိုလှုံခွင့်မပေး။ မည်သည့်နည်းနှင့်မျှ အားပေးကူညီမှုမပြုခဲ့ချေ။ နောက်ဆုံး သခင်စိုးနှင့် သူ၏ နောက်ဆုံး ဇနီးငယ်၊ သားငယ်တို့ကို တပ်မတော်က ဖမ်းမိခဲ့သည်။

**အကြမ်းဖက်လမ်းစဉ်သည် အမြစ်တွယ်လာခဲ့**

ဤသို့ဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းသောင်းကျန်းမှုသမိုင်းတွင် အကြမ်းဖက်လမ်းစဉ်သည် အမြစ်တွယ်လာခဲ့လေသည်။ အကြမ်းဖက်မှုသံသရာရှည်ကြာသည်နှင့်အမျှ အပြစ်မဲ့ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးနစ်နာမှုများကလည်း အတောမသတ်အောင် များပြားလျက်ရှိပေသည်။ အကြမ်းဖက်လမ်းစဉ်နှင့် အကြမ်းဖက်မှုများ သမိုင်းတစ်ပတ် ပြန်မလည်စေရေးအတွက် နိုင်ငံသားတိုင်း သမိုင်းသင်ခန်းစာအဖြစ် ရယူနိုင်စေရန် တင်ပြလိုက်ရပါသည်။ ။

## ပညာရေးဝန်ကြီးဌာန

## “၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်” အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

**(က) သူငယ်တန်း (KG) သင်ရိုးသစ်**

၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း
၆။ ကျောင်းဝတ်စုံ(၁)စုံ

**(ခ) ပထမတန်း (Grade 1) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

**(ဂ) ဒုတိယတန်း (Grdae 2) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

**(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

**(င) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

**(စ) ပဉ္စမတန်း (Grade 5) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

**(ဆ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

**(ဇ) သတ္တမတန်း (Grade 7) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

**(ဈ) အဋ္ဌမတန်း (Grade 8) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

**(ည) နဝမတန်း (Grade 9) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

**(ဋ) ဒသမတန်း (Grade 10) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝ တွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂)ချောင်း

**(ဌ) ဧကာဒသမတန်း (Grade 11) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ(ပန်းချီ)(သို့မဟုတ်)အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂) ချောင်း

**(ဍ) ဒွါဒသမတန်း(Grade 12) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁)ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ (၂) ချောင်း

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် U.I.D Number ဆောင်ရွက်ပေးခြင်းနှင့်ကတ်ပြားပေးအပ်ပွဲ တက်ရောက်

**ထားဝယ် မေ ၁၅**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ ထားဝယ်ခရိုင်အတွင်းရှိ ယာယီနေရပ်စွန့်ခွာဒေသခံ တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေး ကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် U.I.D Number ဆောင်ရွက်ပေးခြင်းနှင့် ကတ်ပြားပေးအပ်ပွဲကို မေ ၁၂ ရက် နံနက်ပိုင်းက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



**တစ်ပြေးညီ ဆောင်ရွက်ပေးအပ်**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ပန်းခင်းစီမံချက်ကို ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများအနေဖြင့် မွေးရာပါနိုင်ငံသား တိုင်းရင်းသားများနှင့် ဥပဒေအရဖြစ်သော နိုင်ငံသားများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းကို ကာယကံရှင်တိုင်းရင်းသားပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ပြုလုပ်ဆောင်ရွက်ပေးအပ်နိုင်သည့် အတွက်လည်း ဝမ်းမြောက်မိကြောင်း၊ တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများ ကြိုးစားဆောင်ရွက်လျက် ရှိသော်လည်း ယခုအခါတွင် များစွာဆုံးရှုံးခဲ့ရကြောင်း၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရေးအတွက် အလေးထားလုပ်ကိုင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**စိစစ်ရေးကတ်ပြားပေးအပ်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့က ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများ ပေးအပ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းရင်းသားများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှဝန်ထမ်းများက တိုင်းရင်းသားများ၏ ကိုယ်ရေးအချက်အလက်များဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အမည်၊ အဘအမည်၊ မွေးသက္ကရာဇ်၊ ကျား/မ၊ သွေးအုပ်စု၊ အမြဲကိုင်ဆောင်သော ဖုန်းနံပါတ်နှင့် နေရပ်လိပ်စာတို့ကို စိစစ်ထည့်သွင်းပြီး ဇီဝဆိုင်ရာ အချက်အလက်များဖြစ်သော လက်ဗွေရာ၊ မျက်လုံးနှင့် မျက်နှာအနေအထားတို့ကို ခေတ်မီနည်းစနစ်များဖြင့် စိစစ်ကောက်ယူ ဆောင်ရွက်နေမှုအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

# ကလေးသူငယ်များ ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှုထိန်းချုပ်ရေးဆိုင်ရာ အာဆီယံနိုင်ငံများ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ဘန်ကောက် မေ ၁၅**

ကလေးသူငယ်များအား ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှုထိန်းချုပ်ရေးဆိုင်ရာ အာဆီယံနိုင်ငံများအလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Sukosol ဟိုတယ်၌ မေ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပသည်။ အဆိုပါဆွေးနွေးပွဲသို့ မြန်မာအပါအဝင် အာဆီယံ ၁၀ နိုင်ငံသာမက သက်ဆိုင်ရာနိုင်ငံများမှ အစိုးရတာဝန်ရှိသူများ၊ လူငယ်ကိုယ်စားလှယ်များ၊ ပြည်သူ့ကျန်းမာရေးအဖွဲ့များမှ တာဝန်ရှိသူများနှင့် မီဒီယာများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကိုယ်စားလှယ် ဒေါက်တာ ဂျို့စ် ဗန်ဒီလာက ကလေးသူငယ်များကို ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုမှ ကာကွယ်ရန် အလေးပေးပြောကြားသည်။

ယခုနှစ် ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ ဆောင်ပုဒ်နှင့်အညီ ကျင်းပသည့် ဒေသတွင်းဆွေးနွေးပွဲတွင် ဟောင်ကောင်နှင့် ဩစတြေးလျနိုင်ငံမှ ကိုယ်စားလှယ်များက အစိုးရများအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်မှ လူငယ်များကို အကောင်းဆုံး မည်သို့ကာကွယ်ရမည်ဆိုသည့် အချက်အပြင် ဒစ်ဂျစ်တယ်မီဒီယာပေါ်တွင် ပျံ့နှံ့နေသည့် အီးစီးကရက် သောက်သုံးမှုဆိုင်ရာ သတင်းအမှားကို မည်သို့တိုက်ဖျက်သွားရမည်နည်းဆိုသည့် အချက်များ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးကို နည်းလမ်းပေါင်းစုံဖြင့် သောက်သုံးစေနိုင်သည့် ဆွဲဆောင်စည်းရုံးမှုများ၊ နီကိုတင်း ဆက်စပ်ပစ္စည်းထုတ်လုပ်မှုများကို လျှော့နည်းအောင် လုပ်ဆောင်သွားရမည့်အချက်များနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးကဏ္ဍကင်းစင်အောင် မည်သို့ဆောင်ရွက်သွားမည်ဆိုသည့်အချက်များကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ဆွေးနွေးသည့်အကြောင်းအရာများတွင် အီးစီးကရက်သောက်သုံးခြင်းဖြင့် ဆေးလိပ်သောက်သုံးမှုကို ပြတ်စေသည့်ဆိုသည့် သတင်းမှားများကို ထုတ်လွှင့်ပြီး အသွင်အမျိုးမျိုး၊ အရသာအမျိုးမျိုးဖြင့် ရရှိနိုင်သော အီးစီးကရက်များကို အာဆီယံအပါအဝင် အာရှနိုင်ငံများတွင် ဈေးကွက်တင် ဖြန့်ဖြူးလျက်ရှိကြောင်း၊ ဈေးကွက်တွင် ရရှိနိုင်သော အရသာပေါင်း ၁၆၀၀၀ ကျော်ရှိပြီး တချို့မှာ သကြားလုံးအရသာအသွင်၊ တချို့မှာ အသီးအရသာအသွင်ဖြင့် ဖြန့်ဖြူးလျက်ရှိကြောင်း၊ အွန်လိုင်းမီဒီယာများတွင်လည်း ဘဝတစ်သက်တာ နီကိုတင်းသားကောင်ဖြစ်စေရန် လူငယ်လူရွယ်များကိုလည်း နည်းလမ်းပေါင်းစုံဖြင့် လှည့်စားဖြားယောင်းလျက်ရှိကြောင်း စသည်တို့လည်း ပါဝင်သည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးပစ္စည်း ထုတ်လုပ်သူများသည် လူငယ်များကြား ရေပန်းစားသည့် ဂီတပွဲတော်များ၊ အားကစားပွဲတော်များစသည့် ဖျော်ဖြေရေး ပွဲလမ်းများကို ငွေကြေးစိုက်ထုတ် ကျင်းပပေး၍ ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲလာရန် ဆွဲဆောင်ဖြားယောင်းလျက်ရှိသည်။

အာရှတစ်လွှားရှိ အသက် ၁၃ နှစ်နှင့် ၁၅ နှစ်ကြား ဆယ်ကျော်သက်အရွယ် အီးစီးကရက်သောက်သုံးမှုသည် တစ်နေ့တခြား တိုးလျက်ရှိသည်။ တစ်ခါတရံတွင် ဆေးလိပ်သောက်သုံးသည့်ပမာဏထက်ပင် မြင့်မားလျက်ရှိသည်။




အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။

၂၀၀၂ ခုနှစ် စာရင်းများအရ မလေးရှားနိုင်ငံတွင် အမျိုးသား ၂၃ ဒသမ ၅ ရာခိုင်နှုန်း၊ အမျိုးသမီး ၆ ဒသမ ၂ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ် စာရင်းများအရ ဖိလစ်ပိုင်နိုင်ငံတွင် အမျိုးသား ၂၀ ဒသမ ၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၇ ဒသမ ၅ ရာခိုင်နှုန်း၊ ၂၀၂၂ စာရင်းအရ ထိုင်းနိုင်ငံတွင် အမျိုးသား ၂၀ ဒသမ ၂ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၅ ရာခိုင်နှုန်းတို့ အီးစီးကရက် သုံးစွဲလျက်ရှိကြောင်း သိရသည်။

သက်ဆိုင်ရာ အစိုးရများအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီး၊ အီးစီးကရက်သောက်သုံးမှုများ အရှိန်အဟုန်ဖြင့် မပျံ့နှံ့မီ ထိထိရောက်ရောက် တိုက်ဖျက်တားဆီးသွားရန် လိုအပ်ကြောင်း အရှေ့တောင်အာရှ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်ရေး မိတ်ဖက်အဖွဲ့အစည်း (SEATCA)မှအမှုဆောင် ညွှန်ကြားရေးမှူး ဒေါက်တာ ပူလိစ်ဆက် ဒေါ်ရိုသီဒို က ပြောကြားသည်။

SEATCA သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို ကျန်းမာရေးနှင့် လူ့သက်တမ်းရှည်စေရန် ကူညီပေးလျက်ရှိပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးများလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**တင်လင်းအောင်**

## ပေါင်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးရာသီ မျိုးစေ့ချကိရိယာ လွှဲပြောင်းပေးအပ်

**ပေါင် မေ ၁၅**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်၊ မိုးစပါးရာသီ မျိုးစေ့ချကိရိယာ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့မွန်းလွဲ ၂ နာရီက ဝါရီရှူခန်းမ၌ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်က ပေါင်မြို့နယ်အနေဖြင့် စားရေရိက္ခာဖူလုံရေးကို ရည်ရွယ်၍ တောင်သူများအတွက် မိုးစပါးရာသီ မျိုးစေ့ချကိရိယာ အခမဲ့ထောက်ပံ့ပေးအပ်ခြင်းကို ပထမအနေဖြင့် စိုက်ဧကများသည့် ကျေးရွာများကို ၂၅ စီး ပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ စိုက်ပျိုးရာသီအမီ နောက်ထပ် ၇၅ စီးကို ကျေးရွာအရောက် အခမဲ့ဆက်လက်ပေးအပ်သွားမည်ဖြစ်သည့်အတွက် စုစုပေါင်း ပေါင်မြို့နယ်တွင် မျိုးစေ့ချကိရိယာ အစီး ၁၀၀ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးရဲမြင့်က မျိုးစေ့ချကိရိယာ အခမဲ့ထောက်ပံ့ပေးအပ်ရခြင်းနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားရာ တောင်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ထို့နောက် မျိုးစေ့ချကိရိယာ ၂၅ စီးကို ပထမအကြိမ် ရရှိသည့် ကျေးရွာများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**



မြဝတီမြို့သည် နယ်စပ်ကုန်သွယ်ရေးမြို့ဖြစ်သည့်အတွက် မြို့အင်္ဂါရပ်နှင့်အညီ စိမ်းလန်းစိုပြည်လှပစေရေး အာရှလမ်းတစ်လျှောက် ပန်းအလှစိုက်ပျိုးခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မေ ၁၅ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦး ဦးဆောင်သည့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

ဇာဖြူဝင်း(မြဝတီ)

# စင်ကာပူနိုင်ငံ၌ နှစ်ပေါင်း ၂၀ ကြာပြီးနောက် ဝန်ကြီးချုပ်သစ် ကျမ်းသစ္စာကျိန်ဆိုမည်

စင်ကာပူ မေ ၁၅

**စင်ကာပူနိုင်ငံ၏ ဒုတိယခေါင်းဆောင် လောရင့်စ်ဝေါင်သည် နိုင်ငံ၏ စတုတ္ထမြောက် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုသွားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**



လောရင့်စ်ဝေါင်၏ ကျမ်းသစ္စာကျိန်ဆိုမှုသည် ဝန်ကြီးချုပ် လီရှန်လွန်းလက်ထက် ဆယ်စုနှစ် နှစ်စုကြာ တာဝန်ယူခဲ့မှု အဆုံးသတ်တော့မည်ဖြစ်သည်။ ထို့ပြင် စင်ကာပူနိုင်ငံသည် ပြည်တွင်း ပြည်ပစိန်ခေါ်မှုများ ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် အဆိုပါ ကျမ်းသစ္စာကျိန်ဆိုမှုထွက်ပေါ်လာခြင်း ဖြစ်သည်။

ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို ဗုဒ္ဓဟူးနေ့တွင် ပြုလုပ်သွားရန် စီစဉ်ထားသည်။ လောရင့်စ်ဝေါင်သည် နိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်နှင့် နိုင်ငံတည်ထောင်သူ ဖခင် လီကွမ်ယု၏ အကြီးဆုံးသားဖြစ်သူ လီရှန်လွန်း၏နေရာကို ဆက်ခံသွားမည်ဖြစ်သည်။

အသက် ၅၁ နှစ်အရွယ် ဝေါင်သည် ဗျူရိုကရက်ဟောင်းတစ်ဦးဖြစ်ပြီး လူလတ်တန်းစားမိသားစုတွင် ကြီးပြင်းလာသူဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ စင်ကာပူနိုင်ငံ၌ ခေါင်းဆောင်အပြောင်းအလဲသည် လီမိသားစုဦးဆောင်သော နိုင်ငံရေးခေတ်တစ်ခေတ်ကို အဆုံးသတ်စေခဲ့သည်။

ရာထူးမှ နုတ်ထွက်သွားသော ဝန်ကြီးချုပ် လီရှန်လွန်းသည် ဝေါင်၏ အစိုးရအဖွဲ့တွင် အကြီးတန်းဝန်ကြီးအဖြစ် ဆက်လက်ရှိနေမည်ဖြစ်သည်။ မွေးဖွားနှုန်းကျဆင်းမှုနှင့်အတူ အခြားသော စိန်ခေါ်မှုများအကြား ဝေါင်သည် တိုင်းပြည်ကို မည်သို့ဦးဆောင်သွားမည်ဆိုသည်ကို အာရုံစိုက်နေကြကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ကနေဒါအနောက်ပိုင်းရှိ တောမီးလောင်ရာဒေသမှ လူပေါင်း ၆၆၀၀ ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့

**အော့တဝါ မေ ၁၅**



ကနေဒါနိုင်ငံ အနောက်ပိုင်း ပြည်နယ်ဖြစ်သည့် အယ်လ်ဘာတာတွင် တောမီးလောင်မှုကြောင့် ဒေသခံ ၆၆၀၀ အထိ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း မေ ၁၄ ရက်က မီဒီယာများတွင် ဖော်ပြထားသည်။

ပြည်နယ်အရေးပေါ် အခြေအနေအဖြစ် ကြေညာပြီးနောက် ဝုဒ်ဘတ်ဖဲလိုး ဒေသဆိုင်ရာ မြူနီစီပယ်သည် မေ ၁၄ ရက် မွန်းလွဲပိုင်းတွင် ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် အမိန့်ထုတ်ခဲ့သည်ဟု စီဘီစီသတင်းတွင် ဖော်ပြထားသည်။ ကယ်ဆယ်ရေးဇုန်မှ ဒေသခံများအားလုံး ညနေ ၄ နာရီတွင် ဘေးလွတ်ရာသို့ပြောင်းရွှေ့ကြရန် အမိန့်ထုတ်ထားခဲ့ကြောင်း မြူနီစီပယ်ရုံးမှ ပြောသည်။

အဆိုပါဇုန်မှ လူပေါင်း ၆၆၀၀ နေရာရွှေ့ပြောင်းရမည်ဟု ဒေသတွင်း မီးသတ်ဌာနအကြီးအကဲဖြစ်သူ ဂျိုဒီ ဘတ်ဇ်က ပြောသည်။

မေ ၁၄ ရက် မွန်းလွဲပိုင်းတွင် ဒေသခံများ တောင်ဘက်သို့ တိမ်းရှောင်သွားကြသည့်အတွက် အဝေးပြေးလမ်းများတွင် ယာဉ်ကြော ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ နိုင်ငံတစ်ဝန်း တောမီးလောင်မှုပေါင်း ၁၃၄ ခု ရှိပြီး မေ ၁၄ ရက်အထိ တောမီးလောင်မှုပေါင်း ၄၃ ခုကို ထိန်းထားနိုင်ပြီဖြစ်ကြောင်း ကနေဒါတောမီးငြိမ်းသတ်ရေး စင်တာက ပြောသည်။

နိုင်ငံတစ်ဝန်း ပုံမှန်အပူချိန်ထက် ပို၍မြင့်သောအပူချိန်ကြောင့် တောမီးလောင်မှုများ နောက်ထပ်ဖြစ်ပွားနိုင်သည်ဟု အစိုးရက သတိပေးထားသည်။

၂၀၂၃ ခုနှစ်တွင် ကနေဒါနိုင်ငံ၌ စံချိန်တင် တောမီးလောင်မှုများ ဖြစ်ပေါ်ခဲ့ပြီး တောမီးလောင်မှုပေါင်း ၇၁၃၁ ကြိမ် ဖြစ်ပွားခဲ့သည်ဟု အမျိုးသားမီးသတ်အချက်အလက်ဌာနမှ သိရသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ၌ ချော်ရည်အေးများ စီးဆင်းမှုကြောင့် သေဆုံးသူ ၆၇ ဦးအထိရှိလာ

ဂျကာတာ မေ ၁၅

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားပြည်နယ်တွင် မိုးရွာသွန်းမှုကြောင့် မီးတောင်ဝမှ ပြာများ စီးဆင်းလာပြီး ချော်ရည်အေးစီးဆင်းမှုများ ဖြစ်ပေါ်ခဲ့ကာ သေဆုံးသူ ၆၇ ဦးအထိရှိလာသည်ဟု သိရသည်။

အဆိုပါဖြစ်ရပ်ကြောင့် ပျောက်ဆုံးသူဦးရေမှာလည်း ၂၀ အထိ ရှိလာသည်ဟု နိုင်ငံ၏သဘာဝဘေးအေဂျင်စီမှ ထိပ်တန်းအရာရှိတစ်ဦးက မေ ၁၅ ရက်တွင် ပြောသည်။ ပြောင်းရွှေ့နေရာချထားမှုအတွက်လည်း စဉ်းစားနေသည်ဟု သိရသည်။

ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီရန်အတွက် သဘာဝဘေးဖြစ်ပွားရာနေရာသို့ အင်ဒိုနီးရှားတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များကို တပ်ဖြန့်ချထားကြောင်း အမျိုးသားသဘာဝဘေးလျော့ပါးသက်သာစေရေးအေဂျင်စီက အကြီးအကဲဖြစ်သူ ဆူဟာရီယနာတိုက ပြောသည်။

ကျောက်တုံးများ၊ သစ်သားများ၊ ရွှံ့နွံများနှင့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းရန်အတွက် စက်ကြီးများဖြင့် လုပ်ဆောင်နေကြောင်း သိရသည်။

အနာဂတ်တွင် အလားတူအဖြစ်အပျက်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် ရွှေ့ပြောင်းနေရာချထားရန် အေဂျင်စီက စဉ်းစားနေကြောင်းလည်း ၎င်းက ဆက်ပြောသည်။ အကဲဖြတ်မှုတစ်ခု လုပ်ဆောင်နေပြီး ပြောင်းရွှေ့နေရာချထားမည်ဆိုပါက ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က မြေယာခွဲဝေမှုများပေးမည်ဖြစ်ကြောင်း ဆူဟာရီယန်တိုက ပြောသည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ငှက်ဖျားရောဂါဖြစ်ပွားသူ ၁၄၁ ဦးရှိ

**ဟန်နွိုင်း မေ ၁၅**

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အစောပိုင်းမှစကာ ငှက်ဖျားရောဂါဖြစ်ပွားသူ ၁၄၁ ဦးရှိပြီး ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၀၇ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ငှက်ဖျားဗေဒ၊ ကပ်ပါးဗေဒနှင့် ပိုးမွှားဗေဒအမျိုးသားအဖွဲ့အစည်းကို ကိုးကား၍ Vietnam News သတင်းဌာနက မေ ၁၅ ရက်တွင် ဖော်ပြထားသည်။

အဆိုပါ အဖွဲ့အစည်း၏ ညွှန်ကြားရေးမှူးဖြစ်သူ ဟောင်ဒင်ကန်က ပြည်နယ် ၂၃ ခုအနက် ၁၃ ခုတွင် ငှက်ဖျားရောဂါ ဖြစ်ပွားလျက်ရှိကြောင်း ပြောသည်။ ယင်းမှာ အနာဂတ်တွင် ငှက်ဖျားရောဂါကာကွယ်ရေးနှင့် ပပျောက်ရေးတို့အတွက် စိန်ခေါ်မှုတစ်ခုဖြစ်သည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံ၌ ငှက်ဖျားရောဂါဖြစ်ပွားသည့် ဒေသများ၌ နေထိုင်သူပေါင်း ၇ သန်းခန့်ရှိကြောင်း၊ ယမန်နှစ်က ဗီယက်နမ်နိုင်ငံတစ်ဝန်း ငှက်ဖျားရောဂါဖြစ်ပွားသူပေါင်း ၄၄၈ ဦးရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ဧပြီလအတွင်း ဂျပန်နိုင်ငံသို့လာရောက်သည့် နိုင်ငံခြားခရီးသွားအရေအတွက် သုံးသန်းကျော်အထိရှိ

**တိုကျို မေ ၁၅**



ယန်းငွေ တန်ဖိုးကျဆင်းမှုကြောင့် ဂျပန်နိုင်ငံသည် နိုင်ငံခြားခရီးသွားများ လာရောက်သည့်နေရာအဖြစ် ဆွဲဆောင်လျက်ရှိပြီး ဧပြီလအတွင်း ဂျပန်နိုင်ငံသို့ နိုင်ငံခြားခရီးသွား သုံးသန်းကျော် လာရောက်လည်ပတ်ခဲ့သည်ဟု သိရသည်။

ပြီးခဲ့သည့်လအတွင်း ဂျပန်နိုင်ငံသို့ နိုင်ငံရပ်ခြားမှ ခရီးသည်ပေါင်း ၃ ဒသမ ၀၄ သန်းလာရောက်ခဲ့သည်ဟု ဂျပန်အမျိုးသား ခရီးသွားလာရေးအေဂျင်စီက ခန့်မှန်းထားသည်။

အဆိုပါ အရေအတွက်လည်း လွန်ခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ၅၆ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် ကပ်ရောဂါမတိုင်မီကာလနှင့် နှိုင်းယှဉ်လျှင် ၄ ရာခိုင်နှုန်း တိုးလာခြင်း ဖြစ်သည်။

ချယ်ရီပန်း ပွင့်ချိန်သည်လည်း ဆွဲဆောင်မှုတစ်ခု ဖြစ်သည်ဟု တာဝန်ရှိသူများက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ပခုက္ကူဈေးကွက်၌ အစေ့ထုတ်ပြောင်း (CP ပြောင်း)များ အရောင်းအဝယ်ဖြစ်



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ အစေ့ထုတ်ပြောင်း (CP ပြောင်း) စိုက်ပျိုးရာ ဒေသများဖြစ်သော နန်းတော်ရပ်၊ မြင်းဝန်း၊ ငကျော်၊ ဘဲကြီး၊ အောင်သာ၊ ညောင်ပင်အုပ်စု ကျေးရွာများမှ အစေ့ထုတ်ပြောင်းများ အများအပြား စိုက်ပျိုးလျက်ရှိကြောင်း၊ ပခုက္ကူဈေးကွက်သို့ ပခုက္ကူဒေသထွက်သာမက အခြားဒေသများမှလည်း အစေ့ထုတ်ပြောင်းများ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကာ ဧပြီလ နောက်ဆုံးပတ်တွင် အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ကျပ် ၁၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး မေလ ပထမပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများအနေဖြင့် အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ကျပ် ၁၆၇၀၀–၁၇၀၀၀ ဖြင့် တစ်ရက်လျှင် အိတ် ၅၀ မှ ၂၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ မေလ ပထမပတ်တွင် အစေ့ထုတ်ပြောင်း (CP ပြောင်း)များ ပြည်ပမှ အဝယ်လိုက်၍ ဈေးကောင်းရရှိလျက်ရှိကြောင်း သိရသည်။

DOCA (မကွေး)

# ကျောက်ဆည်ခရိုင်၌ နွေနှမ်း ဧက ၈၀၀၀၀ ကျော် စိုက်ပျိုးထား

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ နွေနှမ်းကို ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၃၂၂၄၆ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ဧက ၂၂၉၆၀၊ မြစ်သားမြို့နယ်၌ ၃၄၄၂၉ ဧက စုစုပေါင်း ၈၉၆၃၅ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နွေနှမ်းစိုက်ပျိုးရာတွင် မျိုးအနေဖြင့် နှမ်းဖြူ၊ နှမ်းညို၊ နှမ်းနက်မျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခုအချိန်တွင် မိုးရွာသွန်းမှုကောင်းသောကြောင့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး လက်ရှိအချိန်တွင် နှမ်းအသစ်များ ထွက်ပေါ်ခြင်းမရှိသေးကြောင်း၊ ယခုအချိန်တွင် ဈေးကွက်၌ ယခင်နှစ်ကထွက်ပေါ်ခဲ့သည့် နှမ်းအဟောင်းဈေးနှုန်းများမှာ နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၁၃၈၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းနက် တစ်တင်းလျှင် ကျပ် ၇၅၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၉၇၅၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

DOCA (မန္တလေး)

# ခရမ်းသီးစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများသည် ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကုန်စိမ်းသီးနှံဖြစ်သော ခရမ်းသီးကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးမှုအပြင် စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း၊ ခရမ်းသီးကို ရာသီမရွေးစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးမှုအနေဖြင့် ခရမ်းမျိုးစေ့ကို ပျိုးထောင်ပြီး တစ်လခွဲသားအရွယ်တွင် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်နိုင်ပြီး လေးရက်ခြားတစ်ကြိမ် ခူးဆွတ်ရကြောင်း သိရသည်။



အထွက်နှုန်းအနေဖြင့် တစ်ကြိမ်ခူးဆွတ်လျှင် ပိဿာချိန် ၃၀၀–၄၀၀ အထိ ထွက်ရှိကြောင်း၊ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ပျိုးထောင်ခြင်း၊ မြေပြင်ခြင်း၊ သွင်းအားစု၊ စိုက်ပျိုးစရိတ်၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၇၅၀၀၀၀–၈၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ခရမ်းသီးသည် ကုန်စိမ်းသီးနှံဖြစ်သည့်အတွက် တစ်ပတ်နှင့်တစ်ပတ် ဈေးနှုန်းမတူညီကြောင်း၊ ကုန်စိမ်းပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူသည့်အတွက် သယ်ယူစရိတ်သက်သာကြောင်း၊ ခရမ်းသီးကို ပွဲစားများမှတစ်ဆင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၅၅၀၀၀၀ ခန့်ရရှိရာ တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်ရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)

# မကွေးနှင့် ရေနံချောင်းဈေးကွက်တို့၌ ကြက်သွန်နီအရောင်းအဝယ်ဖြစ်မှုအခြေအနေ

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ကြက်သွန်နီစိုက်ပျိုးရာဒေသများဖြစ်သော ရေနံချောင်း၊ ပခုက္ကူ၊ မြစ်သားစသည့်မြို့များမှ ကြက်သွန်နီများ မကွေးဈေးကွက်အတွင်း ဝင်ရောက်မှုရှိပြီး ဈေးနှုန်းကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ တစ်ရက်လျှင် ကြက်သွန်နီပိဿာချိန် ၁၀၀၀ ခန့်နှင့် တစ်ပတ်လျှင် ကြက်သွန်နီတန်ချိန် ကိုးတန်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲရုံများမှတစ်ဆင့် မင်းဘူး၊ သရက်၊ ကံမ၊ နတ်မောက်နှင့် ငဖဲမြို့များမှ ဝယ်ယူကြကြောင်း သိရသည်။

ရေနံချောင်းဈေးကွက်တွင်လည်း ဒေသထွက်ကုန်ဖြစ်သော ကြက်သွန်နီများကို ဆိပ်ဖြူ၊ ပခုက္ကူ၊ တောင်တွင်းကြီးမြို့များမှ ဝင်ရောက်၍ ယခင်အပတ်အတိုင်း ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲရုံများမှတစ်ဆင့် ရန်ကုန်၊ ပြည်၊ အောင်လံမြို့များသို့ တင်ပို့ရောင်းချကြပြီး တစ်ရက်လျှင် ကြက်သွန်နီ ပိဿာချိန် ၁၀၀၀၀ ခန့်ဖြင့် တစ်ပတ်လျှင် ၉၇ တန်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပွဲရုံများမှ သိရသည်။

DOCA (မကွေး)

## ၁၅–၅–၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၆၀၀၀ | – | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၁၅၀ | | ၇၅၀၀ | ၁၆၅၀၀ | ၇၂၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၁၄၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၆၉၅၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၉၅၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၃၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၅၈၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၈၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၂၇၀၀ | ၅၃၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၄၀၀ | ၁၃၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၄၀၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၂၀၀ | ၁၃၀၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၉၂၀၀ | ၁၀၀၀ | ၈၈၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၄၀၀၀ | | ၅၈၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၀၀၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၈၀၀ | | ၅၇၇၅ | ၁၆၀၀၀ | ၅၆၅၀ | ၅၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၃၀၀ | ၉၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၂၄၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | – | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၄၀၀၀ | ၆၃၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၇၂၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၉၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၇၅၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၅၀ | ၁၅၀၀၀ | ၆၀၀၀ | ၉၅၀၀ | ၂၆၀၀ | ၉၅၀၀ | ၁၀၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၇၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၅၇၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၇၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၉၅၀၀ | ၄၅၀ | ၇၄၀၀ | ၆၀၀၀ | ၃၇၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၈၀၀ | | ၆၈၀၀ | ၁၄၈၀၀ | ၅၅၅၀ | ၁၂၆၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၂၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၅၄၀၀ | ၂၀၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၁၆၅၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၁၉ | နေပြည်တော် | ၃၈၀၀ | | ၆၈၀၀ | ၁၄၈၀၀ | ၅၅၅၀ | ၁၂၈၀၀ | ၂၄၀၀ | ၁၁၅၀၀ | ၁၂၆၀၀ | ၇၂၀၀ | ၆၇၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၅၆၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၆၈၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၉၅၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | | ၁၆၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# မြန်မာ့ပင်လယ်ပြင်အတွင်း တရုတ်နိုင်ငံပိုင် ကုန်တင်ရေယာဉ်ကြီးတစ်စင်းပေါ်မှ ပြင်းထန်ဒဏ်ရာရရှိပြီး အရေးပေါ်ဆေးကုသရန်လိုအပ်လျက်ရှိသော ရေယာဉ်အမှုထမ်းအား တပ်မတော်(ရေ)မှ ကူညီကယ်ဆယ်

**နေပြည်တော် မေ ၁၅**

မြန်မာ့ပင်လယ်ပြင်အတွင်း ကိုကိုးကျွန်း၏ အနောက်မြောက်ဘက် ၆၉ မိုင်ခန့်အကွာ၌ အိန္ဒိယနိုင်ငံ Dhamra Port မှ တရုတ်နိုင်ငံသို့ထွက်ခွာလာသော တရုတ်နိုင်ငံပိုင် CHANG HANG HAO HAI အမည်ရှိ ကုန်တင်ရေယာဉ်ကြီးပေါ်မှ ရေယာဉ်အမှုထမ်းတစ်ဦးသည် မေ ၁၄ ရက် မွန်းလွဲ ၁ နာရီခန့်တွင် အမြင့်မှပြုတ်ကျ၍ စိုးရိမ်ရသည့် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် အရေးပေါ်ဆေးကုသရန် လိုအပ်ကြောင်း MRCC မှတစ်ဆင့် အကူအညီတောင်းခံလာခဲ့သည်။

ထို့ကြောင့် ဟိုင်းကြီးကျွန်းမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေသော တပ်မတော် (ရေ) မှ အမြန်သွားတိုက်ခိုက်ရေးရေယာဉ်တစ်စင်းသည် ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အဆိုပါ ကုန်တင်ရေယာဉ်ကြီးရှိရာနေရာသို့ သွားရောက်ခဲ့ရာ ဒဏ်ရာရလူနာ တရုတ်လူမျိုး Mr. TAN BIN အမည်ရှိ ရေယာဉ်အမှုထမ်းအား ဆေးကုသမှုခံယူနိုင်ရန် စစ်ရေယာဉ်ပေါ်သို့ ရွှေ့ပြောင်းတင်ဆောင်၍ လူနာကို ကနဦး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြုလုပ်ပေးခဲ့ပြီး ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံသို့ အချိန်မီပို့ဆောင်ပေးခဲ့၍ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် လိုအပ်သော ဆေးအကာအကွယ်ပေးမှုများကို ဆက်လက်ဆောင်ရွက်နိုင်ရန် ပုသိမ်မြို့သို့ လူနာတင်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တပ်မတော်(ရေ)၏ အမြန်သွားတိုက်ခိုက်ရေးရေယာဉ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ တရုတ်နိုင်ငံပိုင် CHANG HANG HAO HAI အမည်ရှိ ကုန်တင်ရေယာဉ်ကြီးပေါ်ရှိ ဒဏ်ရာရလူနာအား ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးစဉ်။



တရုတ်နိုင်ငံပိုင် CHANG HANG HAO HAI အမည်ရှိ ကုန်တင်ရေယာဉ်ကြီးပေါ်မှ ဒဏ်ရာရလူနာအား စစ်ရေယာဉ်အပေါ်သို့ ရွှေ့ပြောင်းနေစဉ်။

## ညောင်ရွှေမှာ WFP က ထောက်ပံ့တဲ့ ဆန်အိတ်ကိုးရာကို စစ်ကောင်စီတပ် သိမ်းယူကြောင်း လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၁၅**

လွတ်လပ်တဲ့အာရှအသံ (RFA) ၏ ဝက်ဘ်ဆိုက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်စံကားရွာ၌ ခိုလှုံနေကြသည့် စစ်ဘေးဒုက္ခသည်များအတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ပို့ဆောင်ပေးသော ဆန်အိတ်ကိုးရာကို စစ်ကောင်စီတပ်က မေလ ၅ ရက်နေ့မှာ သိမ်းယူထားပြီး မေလ ၁၅ ရက်နေ့အထိ ပြန်လည်ထုတ်ပေးခြင်း မရှိသေးကြောင်း ဒေသခံများမှ ပြောကြားကြောင်း မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် စံကားရွာ၌ ခိုလှုံနေကြသည့် စစ်ဘေးဒုက္ခသည်များအတွက် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) မှ ပို့ဆောင်ပေးသော ဆန်အိတ်ကိုးရာကို သိမ်းဆည်းသည့် သတင်းမှာ တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေခြင်းသာ ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**




### အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဖွင့်

**နတ်မောက် မေ ၁၅**

နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို မေ ၁၅ ရက်က တံခွန်တိုင်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးကျော်ဆန်းဌေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်တို့က အမှာစကားပြောကြားသည်။

ထို့နောက် နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ဆွေးနွေးပြောကြားပြီး နည်းပြဆရာမဒေါ်ချစ်ချစ်ထွေးက ပို့ချမည့် ဘာသာရပ်များ ရှင်းလင်းပြောကြားကာ သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများပေးအပ်သည်။ သင်တန်းကို မေ ၁၅ ရက်မှ ဇွန် ၁၃ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်သည်။ မြို့နယ်(ပြန်/ဆက်)

## သံတွဲမြို့နယ် လင်းသီကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ ၁၀ ဦး သေဆုံးခဲ့ရကြောင်း တစ်ဖက်သတ်စွပ်စွဲ ရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကိုလှုံ့ဆော်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၁၅**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် လင်းသီကျေးရွာကို မေ ၁၄ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်နှစ်ဦး အပါအဝင် ပြည်သူ ၁၀ ဦး သေဆုံးခဲ့ရသည်ဟု တစ်ဖက်သတ်စွပ်စွဲ ရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင် လွဲမှားစေရန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ သံတွဲမြို့နယ် ရွှေလေ့ကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် AA အကြမ်းဖက်သောင်းကျန်းသူများ နှစ်ဖက်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက်တွင် AA အကြမ်းဖက် သောင်းကျန်းသူများက သံတွဲမြို့နယ်အတွင်း ပြည်သူများ ကြောက်ရွံ့ ထိတ်လန့်လာပြီး တည်ငြိမ်အေးချမ်းမှုမရှိစေရန်နှင့် အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်အတွက် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ထောက်ထားငဲ့ညှာမှုမရှိဘဲ ပြည်သူများနေထိုင်ရာ မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့ကာ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် တပ်မတော်အပေါ် အပြစ်ပုံချကာ ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## ရေစကြိုမြို့နယ် ကိုင်းမကြီးကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၁၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကိုင်းမကြီးကျေးရွာကို လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဝင်ရောက်စီးနင်းပြီး နေအိမ်ကိုးလုံးကို မီးရှို့ဖျက်ဆီးကာ နွားများကို ပစ်သတ်ခဲ့ကြကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများ ကလုံခြုံရေးတပ်ဖွဲ့များအပေါ်အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ခြင်း မရှိ**

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၄င်းရက်နေ့တွင် ရေစကြိုမြို့နယ် ကိုင်းမကြီးကျေးရွာနှင့် အနီးဝန်းကျင်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

**ဝါဒဖြန့်ဝေနေခြင်းသာဖြစ်**

တရားမဝင်ပြည်ဖျက်မီဒီယာများသည် သတင်းအမှန်များ ရေးသားထုတ်လွှင့်ခြင်း မရှိဘဲ သတင်းတု၊ သတင်းအမှားများဖြင့်သာ ပြည်သူများကို သတင်းအဆိပ်ခတ်လျက်ရှိပြီး နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် တစ်ဖက်သတ်စွပ်စွဲရေးသားချက်များကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေပြီး ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ MFF Futsal Stadium ၌ ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် မရမ်းကုန်းခရိုင်အသင်းက ဗိုလ်တထောင်ခရိုင် အသင်းကို သုံးဂိုး-နှစ်ဂိုး၊ အမျိုးသမီးပြိုင်ပွဲတွင် ကျောက်တံတားခရိုင်အသင်းက သဃ်န်းကျွန်းခရိုင် အသင်းကို ၁၁ ဂိုး-မရှိဖြင့် အနိုင်ရရှိကြသည်။

ပြိုင်ပွဲများအပြီးဆုပေးပွဲကို ကျင်းပရာ အမျိုးသား၊ အမျိုးသမီးပွဲစဉ်တစ်လျှောက် ဂိုးသမားအကောင်းဆုရ အားကစားသမားများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်နှင့် အတွင်းရေးမှူးက လည်းကောင်း၊





အမျိုးသမီးတတိယဆုရ ကမာရွတ်ခရိုင်အသင်း၊ အမျိုးသားတတိယဆုရ မင်္ဂလာဒုံခရိုင်အသင်း၊ အမျိုးသမီး ဒုတိယဆုရ သဃ်န်းကျွန်းခရိုင်အသင်း၊ အမျိုးသား ဒုတိယဆုရ ဗိုလ်တထောင်ခရိုင်အသင်း၊ အမျိုးသား ပထမဆုရ မရမ်းကုန်းခရိုင်အသင်း၊ အမျိုးသမီးပထမဆုရ ကျောက်တံတားခရိုင်အသင်း တို့ကို တိုင်းဒေသကြီးဝန်ကြီးများက လည်းကောင်း ဆုတံဆိပ်နှင့် ငွေသားများ ချီးမြှင့်ပေးသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသမီး ပထမဆုရ ကျောက်တံတားခရိုင်အသင်းနှင့် အမျိုးသားပထမဆုရ မရမ်းကုန်းခရိုင်အသင်းတို့ကို ငွေသားဆုနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နေပြည်တော်တွင် ဇူလိုင် ၁၇ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲအတွက် ယခုပြိုင်ပွဲမှ အကောင်းဆုံး အားကစားသမားများကို ရွေးချယ်ပြီး ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အာကာစိုး

## ခိုလမ်မြို့တွင် သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

ခိုလမ် မေ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ သစ်တောဦးစီးဌာနက သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၈ နာရီက အ.မ.က(မူလွန်) ဝမ်ဖွီးကျောင်း၌ ကျင်းပရာ လွိုင်လင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်က အမှာစကားပြောကြားပြီး သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေး အသိပညာပေး ပြောကြားသည်။



ဆက်လက်၍ လွိုင်လင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မျိုးက သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများအကြောင်း၊ သစ်တောနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးအကြောင်း၊ လွိုင်လင်မြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးကျော်ကျော်သာ က သစ်တောများက ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများအကြောင်း၊ ခိုလမ်မြို့နယ်ခွဲ စည်ပင်သာယာရေးဌာန တာဝန်ခံ ဦးကျော်မင်းထွန်းက အမှိုက်စနစ်တကျစွန့်ပစ်ရေးအကြောင်းတို့ကို အသိပညာပေး ဟောပြောကာ သစ်တောမှရရှိသော အကျိုးကျေးဇူးများကို ဗီဒီယိုမှတ်တမ်းဖြင့် ပြသခဲ့ပြီး တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၂၀ ခန့်က စိတ်ပါဝင်စားစွာ ကြည့်ရှုသည်။

ထို့နောက် သစ်တောဦးစီးဌာန တာဝန်ရှိသူများက ကျောင်းဝင်းအတွင်း အရိပ်ရအပင်များနှင့် ပန်းအလှပင်များကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူတကွ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ ခိုလမ်(မြန်/ဆက်)

■ *ကျော့ဖုံးမှ*

ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလ လယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီနှင့် အနောက်တောင်မုတ်သုံလေ ဝင်ရောက်စဉ်ကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## MNL Cup ပြိုင်ပွဲ အုပ်စု (ဂ)တွင် ဒဂုံစတား ဆီမီးတက် အုပ်စု(ဃ)တွင် ရတနာပုံနှင့် အား/ကာသိပွဲ အပြိုင်ဖြစ်နေ

ရန်ကုန် မေ ၁၅

၂၀၂၄ MNL Cup ပြိုင်ပွဲ အုပ်စု(ဂ)နှင့် (ဃ) ပွဲစဉ် (၉) ကို မေ ၁၅ ရက်က ဆက်လက်ကျင်းပရာ ဒဂုံစတား ယူနိုက်တက်အသင်း ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး ရတနာပုံနှင့် အား/ကာသိပွဲ အပြိုင်ဖြစ်နေသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းနှင့် အား/ကာသိပွဲအသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။ အုပ်စု (ဃ) တွင် ဆီမီးတက်ရန် မျှော်လင့်ချက်ရှိသည့်နှစ်သင်း ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး သရေကျခဲ့သဖြင့် ရတနာပုံအသင်းက ဆက်လက်ဦးဆောင်နိုင်ခဲ့ကာ နောက်ဆုံးပွဲတွင် အနိုင်ရရှိဖြင့် ဆီမီးဖိုင်နယ် တက်ခွင့်ရမည်ဖြစ်သည်။ အား/ကာသိပွဲအသင်းမှာမူ ရှုံးပွဲမရှိသေးသော်လည်း တတိယမြောက် သရေပွဲကြုံတွေ့ခဲ့ရသဖြင့် ရတနာပုံအသင်းနောက် တစ်မှတ်အကွာတွင် ရှိနေပြီး နောက်ဆုံးပွဲတွင် အနိုင်ရရန်အပြင် ရတနာပုံအသင်း ခြေချော်မှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ငွေကြယ်ပွင့်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားအသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်ရန် လိုအပ်နေသည့် အနိုင်သုံးမှတ်ကို ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုပြိုင်ပွဲတွင် ဆီမီးဖိုင်နယ် တက်ရောက်သည့် ဒုတိယမြောက်အသင်းဖြစ်လာသည်။ YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ရှေဝေတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားအသင်း အနိုင်ရသွားသဖြင့် နှစ်သင်းစလုံး နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက် ကုန်ဆုံးသွားသော်လည်း ဟံသာဝတီအသင်းက နိုင်ပွဲရယူကာ ပထမအကျော့ရှုံးကြေးပြန်ဆပ်ခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက ရက္ခပူရယူနိုက်တက်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

အုပ်စု (ဂ) တွင် ဒဂုံစတားယူနိုက်တက်အသင်းက ခုနစ်ပွဲကစား ရမှတ် ၁၉ မှတ်ဖြင့် ဆီမီးဖိုင်နယ်တက်ရောက်သွားပြီး ဟံသာဝတီအသင်းက ခုနစ်ပွဲကစား ၁၅ မှတ်၊ ရှေဝေတီအသင်းက ခုနစ်ပွဲကစား ၁၂ မှတ်၊ Dagon Port အသင်းက ခုနစ်ပွဲကစား ခုနစ်မှတ်၊ ငွေကြယ်ပွင့်အသင်းက ပွဲကုန်ရှစ်ပွဲကစား အမှတ်မရပေ။ အုပ်စု (ဃ) တွင် ရတနာပုံအသင်းက ခုနစ်ပွဲကစား ၁၆ မှတ်၊ အား/ကာသိပွဲအသင်းက ခုနစ်ပွဲကစား ၁၅ မှတ်၊ သစ္စာအားမာန်အသင်းက ခုနစ်ပွဲကစား ၁၁ မှတ်၊ မြဝတီအသင်းက ခုနစ်ပွဲကစား ခုနစ်မှတ်၊ ရက္ခပူရယူနိုက်တက်အသင်းက ပွဲကုန်ရှစ်ပွဲကစား တစ်မှတ်ရရှိခဲ့သည်။

ရဲရင့်လွင်

## အဝေးကွင်း၌ စပါးကို ဂိုးပြတ်အနိုင်ယူပြီး ပရီမီယာလိဂ်ဖလား လေးနှစ်ဆက်ဆွတ်ခူးရန် လက်တစ်ကမ်းအလို မန်စီးတီး ရောက်လာ

ပရီမီယာလိဂ်ပွဲစဉ် (၃၄) ပွဲကျန်မှ စပါးနှင့် မန်စီးတီးအသင်းပွဲစဉ်ကို မေ ၁၅ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိပြီး ပရီမီယာလိဂ်ဖလား လေးနှစ်ဆက် ဆွတ်ခူးရန် လက်တစ်ကမ်းအလို ရောက်ရှိလာပြီဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို စပါးအသင်း အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၆၁၀၀၀ ကျော်လာရောက်ကြည့်ရှုခဲ့သည်။ စပါးအသင်းသည် မန်စီးတီးအသင်းကို ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ဂိုးရရှိရန် နီးစပ်သည့် အပိုင်အခွင့်အရေးများကို အသင်းကစားသမားများ ဖြုန်းတီးပစ်ခဲ့သည့်အတွက် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရပြီး ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့သည်။ စပါးအသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်မှုနှင့်အတူ လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက်ပါ ဆုံးရှုံးခဲ့ရပြီဖြစ်သည်။

မန်စီးတီးအသင်း အတွက် သွင်းဂိုးများကို တိုက်စစ်ကစားသမား ဟာလန်းက သွင်းယူပေးခဲ့သည်။ ၎င်းသည် ပရီမီယာလိဂ်တွင်လည်း သွင်းဂိုး ၂၇ ဂိုးဖြင့် ရွှေဖိနပ်ဆု ဆွတ်ခူးရန် နီးကပ်လာခဲ့ပြီဖြစ်သည်။ ယခုနှစ်ရာသီတွင် မန်စီးတီးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်သွင်းဂိုး ၃၈ ဂိုး သွင်းယူထားသည်။ မန်စီးတီးအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ဒုတိယနေရာမှ အာဆင်နယ်အသင်းနှင့် ပွဲတူ နှစ်မှတ်အသာ ရမှတ် ၈၈ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။



မန်စီးတီးအသင်းသည် ရာသီသိမ်းပွဲစဉ်အဖြစ် ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့ပါက ပရီမီယာလိဂ် အမှတ်ပေးဖလားကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ ဒုတိယနေရာမှ ဖိအားပေးလျက်ရှိသည့် အာဆင်နယ်အသင်းက ရာသီသိမ်းပွဲစဉ်တွင် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အောင်ဇော်

**အပူဒဏ်အန္တရာယ် ကာကွယ်ရေး**

ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။



## မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင် ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့၊ မိုးမကျမီ လုံခြုံစွာနေထိုင်နိုင်ရေး ဆောင်ရွက်

**မြစ်ကြီးနား မေ ၁၅**

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း လတ်တလော နယ်မြေမတည်ငြိမ်မှု ဖြစ်စဉ်ကြောင့် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများမှ နေရပ်စွန့်ခွာ တိမ်းရှောင်လာသော ပြည်သူများအား နေထိုင်စားသောက်မှု အဆင်ပြေစေရေးနှင့် မိုးမကျမီ အမိုး/အကာဖြင့် လုံခြုံစွာ နေထိုင်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် မေ ၁၄ ရက်က မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်အတွင်းရှိ မြန်မာနိုင်ငံလီဆူဗမ္မကောလိပ်ကျောင်း ဝတ်ပြုဆောင်၌ သွားရောက်တွေ့ဆုံအားပေးထောက်ပံ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယာယီတိုက်ပွဲရှောင်ပြည်သူများအား အားပေးစကားပြောကြားပြီးနောက် မြစ်ကြီးနားမြို့ ရွှေစက်နှင့် မန်ခိန်ရပ်ကွက်အတွင်းရှိ ရွှေစက်နှစ်ခြင်း၊ မန်ခိန်နှစ်ခြင်း၊ မူရင်းနှစ်ခြင်းအသင်းတော်၊ ခရစ်တော်၏ အသင်းတော်စသည့် ဘာသာရေးကျောင်းဝင်းများအတွက် ယာယီခိုလှုံနေထိုင်လျက်ရှိသည့် အိမ်ထောင်စု ၁၀၃ စု၊ လူဦးရေ ၄၀၀ ကျော်တို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ငွေကျပ် ၇၆၂၀၀၀တန်ဖိုးရှိ ဆန်အိတ် ၁၀၃ အိတ်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၆၇၈၂၅၅ တန်ဖိုးရှိ ဆီနှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် အိမ်ထောင်စုများ ယာယီခိုလှုံနေထိုင်လျက်ရှိသည့် အသင်းတော်များမှ တာဝန်ရှိသူများက နေအိမ်လိုအပ်ချက်၊ ကျန်းမာရေး၊ ပညာရေးနှင့် အခက်အခဲများကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး အိမ်ထောင်စုများအတွက် နေအိမ်ဆောက်လုပ်ရာတွင် အထောက်အပံ့ဖြစ်စေရေး ငွေကျပ်သိန်း ၃၀ ကိုထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေစက်ရပ်ကွက်၊ နယ်မြေ၁၃ အတွင်းရှိအသင်းတော်ပိုင်ဝင်း အတွင်း အိမ်ထောင်စုများအတွက် သွပ်မိုး၊ ဝါးကြမ်းခင်း၊ ထရံကာ နေအိမ်တန်းလျားများ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိသားစုများအတွက် ရေအိမ်သာများ တိုးချဲ့တည်ဆောက်နိုင်ရေး၊ ရေကန်အသစ်တစ်ခုတည်ဆောက်ပေးနိုင်ရေးအတွက် ငွေကျပ် ၂၅ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ပြီး နေအိမ်များအတွင်း လျှပ်စစ်မီးသွယ်တန်းပေးနိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဆီဆိုင်မြို့ သောက်သုံးရေအမြန်ပြန်လည်ဖြန့်ဝေပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ

**ဆီဆိုင် မေ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် နယ်မြေဒေသ လုံခြုံရေးအခြေအနေ ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ပြည်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများအား သောက်သုံးရေအမြန်ပြန်လည်ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ် စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများက ဆီဆိုင်မြို့တွင် ပြန်လည်ဝင်ရောက်နေထိုင်သည့် ဒေသခံပြည်သူများအား သောက်သုံးရေ အမြန်ပြန်ဖြန့်ဝေပေးနိုင်ရေးအတွက် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်မှ ရပ်ကွက်များသို့ Submain ပိုက်လိုင်းများ သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်၍ ယခုလက်ရှိအချိန်တွင် ဒေသခံပြည်သူများ သောက်သုံးရေအသုံးပြုနိုင်ရန်အတွက် မြို့မဈေး မြောက်ဘက်တွင်ရေတိုင်နှစ်ခု ယာယီတပ်ဆင်ပေးထားကြောင်းနှင့် ရေပိုက်လိုင်းများ သွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ရပ်ကွက်များသို့ သောက်သုံးရေအမြန်ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆီဆိုင်မြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေမင်း(ဆီဆိုင်)**



ဆီဆိုင်မြို့ ရေပေးစနစ်ပြုပြင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းများ ဆောင်ရွက်ကြစဉ်။

## မြန်မာစာ မြန်မာစကား

**မြန်မာစာကို နေ့တိုင်းရေးနေကြသည်။ မြန်မာစကားကို နေ့တိုင်းပြောနေကြသည်။ သို့သော် အမှတ်မဲ့သော်လည်းကောင်း၊ အမှတ်မှား၍သော်လည်းကောင်း၊ အမှား၊ အမှန် မကွဲပြား၍သော်လည်းကောင်း အသံထွက်ပုံထွက်နည်း မှားယွင်းကြသည်။**

### ပဲ နှင့် ဘဲ

စားပဲစားနိုင်လွန်း၊ တတ်ပဲတတ်နိုင်လွန်း၊ ပြောပဲပြောနိုင်လွန်း
သောက်ပဲ သောက်နိုင်လွန်း စသည် ...
ဤ၌လည်း ပဲ ကို ပင်၊ ပင်လျှင် တို့နှင့် ဖလှယ်နိုင်သည်။
**ဥပဒေသ။ ။ ပင်၊ ပင်လျှင်တို့နှင့် ဖလှယ်နိုင်ပြီး စင်စစ်ဟု အနက်ပေး၍ရလျှင် ပဲကို သုံးရန်**

**ဘဲ** ကား **ဖဲ** ၏ အသံစွဲအရေးဖြစ်သည်။ **ဖဲ** ကား ဖဲကြဉ်ခြင်းအနက်၊ ဖဲခွာခြင်း အနက်ရှိသည်။ ရှောင်ကြဉ်ခြင်း၊ တားမြစ်ခြင်း၊ ငြင်းပယ်ခြင်း အနက်ရှိသည်။



သို့ဖြစ်ရာ **ဘဲ** ကို တားမြစ်ခြင်း၊ ငြင်းပယ်ခြင်းအနက်ရှိသည့် **မ** နှင့် တွဲ၍ သုံးကြရသည်။

**မသိဘဲ၊ မစားဘဲ၊ မသွားဘဲ၊ မလာဘဲ၊ မကျက်ဘဲ၊ မဖတ်ဘဲ** စသည်... ဆိုလိုသည် မှာ **မ** နှင့် **ဘဲ** အကြားတွင် ကြိယာကိုထား၍ သုံးခြင်းမျိုးဖြစ်သည်။ အနက်အဓိပ္ပာယ်အားဖြင့် ဤသို့မှတ်ယူနိုင်သည်။

မသိဘဲ   မသိမူ၍၊ သိခြင်းကိုဖဲကြဉ်၍
မစားဘဲ   မစားမူ၍၊ စားခြင်းကို ဖဲကြဉ်၍
မဖတ်ဘဲ   မဖတ်မူ၍၊ ဖတ်ခြင်းကို ဖဲကြဉ်၍
**ဥပဒေသ။ ။ မ နှင့် တွဲ၍ ဖဲကြဉ်သောအနက်ကို သုံးလိုသော ဘဲ ကို သုံးရန် (မ ... ဘဲ)**



အောက်ပါဆောင်ပုဒ်ဖြင့် မှတ်နိုင်သည်–
**ပင်နှင့် လှယ်လျက်၊ ပေါင်းစည်းနက်၊ ဆက်ဆက်မလွဲ ပစောက်ပဲ။**
**မ နှင့် ယှဉ်လျက်၊ ဖဲကြဉ်နက်၊ မယွက်စေဘဲ ဘကုန်းပဲ။**

(မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။)

# ရှမ်းရိုးရာ သဲပုံစေတီတော် လှူဒါန်းပူဇော်ပွဲ သီပေါမြို့နယ်၌ အစဉ်အလာမပျက် ကျင်းပ



**သီပေါ မေ ၁၅**

ရှမ်းတိုင်းရင်းသားများ၏ ရှမ်းရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော သဲပုံစေတီတော် လှူဒါန်းပူဇော်ပွဲကို ဘဏ္ဍာဘုန်းတော်ကြီး ကျောင်းတိုက် ဦးစီးပဓာနနာယက သာသနဓဇ ဓမ္မာစရိယသတ္တနိကာယဝိဒူ အရှင်ဇာနေယျ ဦးဆောင်မှုဖြင့် ယနေ့နံနက် ၇ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာ ဘဏ္ဍာဘုန်းတော်ကြီးကျောင်း ပရိဝုဏ်၌ကျင်းပရာ ဗုဒ္ဓနွယ်ဝင်များ စည်ကားစွာ တက်ရောက် ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ဘဏ္ဍာဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာနေယျထံမှ အနုမောဒနာတရားနှင့် ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ကျောင်းစုကျေးရွာဥက္ကဋ္ဌ ဦးစိုင်းရွှေလှက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကိုလျှောက်ထားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရှမ်းရိုးရာယဉ်ကျေးမှု သဲပုံစေတီတော် လှူဒါန်းပူဇော်ပွဲသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား စေတနာရှင်၊ အလှူရှင်များက နံနက်စာ စတုဒိသာထမင်းဟင်းလျာများဖြင့် ဧည့်ခံကျွေးမွေးကြကြောင်း သိရသည်။

စိုင်း (သီပေါ)

## မိုးကြိုရာသီများတွင် ဖြစ်ပေါ်လေ့ရှိသော မုန်တိုင်းမိုးများကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တောင်သူလယ်သမားများသို့ အကြံပြုနှိုးဆော်ချက်

မိုးကြိုရာသီများတွင် ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းမိုးများကြောင့် သီးနှံများ ထိခိုက်ပျက်စီးရလေ့ရှိပါသည်။ မုန်တိုင်းဖြစ်ပေါ်ပါက ရွာသွန်းသောမိုးရေကြောင့် မိုးကြိုနှမ်း၊ ပဲတီစိမ်း၊ ဝါသီးနှံများအပါအဝင် မိုးကြိုသီးနှံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရနိုင်သဖြင့် ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရန် စိုက်ခင်းများအတွင်း စိမ့်မြောင်း၊ ပတ်မြောင်းများ တူးဖော်ထားရန် အသိပေးထားရှိပြီးဖြစ်ပါသည်။ စိမ့်မြောင်း၊ ပတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် တောင်သူများအနေဖြင့် အမြန်ဆုံးတူးဖော်ထားကြပါရန်နှင့် တူးဖော်ပြီးပျက်စီးနေသည့် စိမ့်မြောင်း၊ ပတ်မြောင်းများကိုလည်း ပြန်လည်ပြင်ဆင်ထားကြပါရန် နှိုးဆော်အပ်ပါသည်။ နွေစပါးရိတ်သိမ်းလျက်ရှိသော တောင်သူလယ်သမားများအနေဖြင့်လည်း လေလွင့်ဆုံးရှုံးမှုများ မဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် နှိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန
၂၀၂၄ ခုနှစ်၊ မေလ ၁၅ ရက်

## ကျောင်းဖွင့်ချိန်အမီ ဘက်ထရီစက်ဘီးများ ဈေးကွက်အတွင်း အရောင်းရတွင်ကျယ်လာ

**ရန်ကုန် မေ ၁၅**

ကျောင်းဖွင့်ချိန်အမီ ဘက်ထရီစက်ဘီးများ ဈေးကွက်အတွင်း အရောင်းရတွင်ကျယ်လာကြောင်း ဈေးကွက်အတွင်း မေးမြန်းစုံစမ်းထားချက်များအရ သိရသည်။

ပြီးခဲ့သည့် လများအတွင်းက စက်ဘီးဈေးကွက်မှာ ဝယ်အားရောင်းအားအေးခဲ့ပြီး မေလမှစတင်ကာ ရောင်းဝယ်အားကောင်းမွန်ခဲ့ရာ ဘက်ထရီစက်ဘီးများ ပိုမိုအရောင်းသွက်ခဲ့ခြင်းဖြစ်သည်။

"ပြီးခဲ့တဲ့ လတွေတုန်းက ရောင်းအားက တော်တော်ဆိုးတယ်။ ဒါပေမယ့် မေလထဲဝင်တော့ အပေါင်းဘက်ကို နည်းနည်းပြန်တက်လာတယ်။ ကျောင်းဖွင့်ရာသီ ပြန်ရောက်လာတာကြောင့်လား တော့ မပြောတတ်ဘူး။ ဒီလကတော့ အရောင်းအဝယ်ကောင်းတယ်။ မိုးတွင်းမှာ စက်ဘီးအရောင်းအဝယ်ကတော့ ပုံမှန်က အထိုက်အလျောက်တော့နေးတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့နှစ် အနေအထားအရ ဈေးကွက်မလည်အောင်အထိ မဖြစ်ခဲ့ဖူးဘူး။ ပုံမှန်ထက်တော့ အေးခဲ့တယ်" ဟု JoeZ Bike စက်ဘီးရောင်းဝယ်ရေးဆိုင်ပိုင်ရှင်က ဆိုသည်။

ဘက်ထရီစက်ဘီးများ ပိုမိုအဝယ်လိုက်လာခြင်းမှာ ဆိုင်ကယ်စီးခွင့် ကန့်သတ်မှုများကြောင့် ဖြစ်နိုင်ပြီး နှိုင်းယှဉ်ပါက သာမန်ရိုးရိုးစက်ဘီး ရောင်းအားကျနေခြင်းဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။ "စက်ဘီးကပိုအစီးများတယ်။ ပတ်ဝန်းကျင်မှာလည်း ဘက်ထရီဘီးတွေများလာတာ မြင်နေရတာပဲလေ။ သူက လူသက်သာတယ်။ ဆိုင်ကယ်ထက် မမြန်ပေမယ့် ခရီးတွင်တယ်။ ကျွန်တော်တို့လည်း စက်ဘီးကို ပိုသုံးဖြစ်တယ်။ ဘက်ထရီဘီးက မော်တာရော၊ ခြေနင်းရောရတော့ အဆင်ပြေတယ်။ သိရသလောက်က ဈေးကွက်က နှစ်မျိုးရှိတယ်။ တစ်ပတ်ရစ်ရယ်၊ အသစ်ရယ်ပေါ့။ တချို့ကလည်း တစ်ပတ်ရစ်ဝယ်တယ်။ တချို့ကလည်းအသစ်ဝယ်ပြီး ကိုယ်တိုင်စိတ်ကြိုက်ပြန်ဆင်တယ်။ ကျွန်တော်လည်း အဲဒီလိုပြန်ဆင်ပြီးစီးတဲ့သူပါ" ဟု သဃ်န်းကျွန်းမြို့နယ်မှ ဘက်ထရီစက်ဘီးပိုင်ဆိုင်သူ ဦးမြင့်နိုင်က ဆိုသည်။

Thit Taw

## သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းဖြေ၏


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm


### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၅ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၂၅ ကျပ် | ၂၄၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၇၀ ကျပ် | ၂၄၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၆၀ ကျပ် | ၂၇၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၆၅ ကျပ် | ၂၈၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ဝေါမြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၆ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၅**

ဝေါမြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၆ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၃ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအုပ်စု ညောင်ခါးရှည်ကျေးရွာ အနီးတွင် မော်လမြိုင်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသည့် TOYOTA PROBOX အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် စိုင်းလှဝင်း(ခ) လှဝင်း သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းလှဝင်း(ခ) လှဝင်း (၄၂) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၇၀၀ | ၄၄၆ | ၃၈၉၁၇၀၀ |
| MTSH | ၂၉၀၀ | ၂၈၅၀ | ၇၂၀ | ၂၀၇၀၀၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၄၀၀၀၀၀၀၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၇၇၄၅ | ၁၁၇၀၄၆၅၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၁၅ | ၄၃၅၀၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၄၄၁ | ၇၆၂၈၅၀ |
| AHPC | ၄၆၀၀ | ၄၆၀၀ | ၁ | ၄၆၀၀ |
| MAEPC | ၂၁၅၀ | ၂၁၅၀ | ၃၃၅ | ၇၃၂၀၀၀ |

## ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပမည့် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော်အပါး(၁၀၂၇၂)ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲတွင် ပါဝင်လှူဒါန်းနိုင်ရေး အသိပေးနှိုးဆော်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ အလှူရှင်များက သာသနာတော်နှစ် ၂၅၆၇ နှစ်ပြည့်ပြီး ၂၅၆၈ နှစ်သို့ ကူးပြောင်းရောက်ရှိမှု အထိမ်းအမှတ်နှင့် နိုင်ငံသူ/နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ကောဇာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့)၊ ၂၂-၅-၂၀၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၀၆၀၀ နာရီ နေ့ထူးနေ့မြတ်အခါသမယတွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော်(၁၀၂၇၂)ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားကို မန္တလေးမြို့ နန်းမြို့ရိုး၊ လေးပြင်လေးရပ် လမ်းမကြီးများ၌ အောက်ပါနေရာများတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) ကျုံးအရှေ့ဘက်(အရှေ့ပြင်)၊ ၆၆လမ်းအတိုင်း သံဃာတော် (၂၅၆၈)ပါး
(ခ) ကျုံးတောင်ဘက်(တောင်ပြင်)၊ ၂၆လမ်းအတိုင်း သံဃာတော် (၂၅၆၈)ပါး
(ဂ) ကျုံးနောက်ဘက်(နောက်ပြင်)၊ လမ်း၈၀ အတိုင်း သံဃာတော် (၂၅၆၈)ပါး
(ဃ) ကျုံးမြောက်ဘက်(မြောက်ပြင်)၊ ၁၂လမ်းအတိုင်း သံဃာတော် (၂၅၆၈)ပါး

၂။ သို့ဖြစ်ပါ၍မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးဆောင်ရွက်မည့် သာသနာတော်နှစ် ၂၅၆၈ နှစ် အထိမ်းအမှတ် သံဃာတော်(၁၀၂၇၂)ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားတွင် ကိုယ်တိုင်လောင်းလှူလိုပါကလည်းကောင်း၊ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါကလည်းကောင်း အောက်ပါပုဂ္ဂိုလ်များထံ(၁၉-၅-၂၀၂၄) ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော် အကြောင်းကြားအပ်ပါသည် -

(က) ဦးသက်နိုင်ထွန်း ဖုန်းနံပါတ် ၀၉ - ၄၀၂၀၀၁၀၆၉
(ခ) ဦးစိုးမိုးသိမ်း ဖုန်းနံပါတ် ၀၉ - ၉၇၀၈၂၃၆၈၈
(ဂ) ဦးစိုးလှမြင့် ဖုန်းနံပါတ် ၀၉ - ၅၁၂၀၅၂၀
(ဃ) ဦးတင်မောင်စိုး ဖုန်းနံပါတ် ၀၉ - ၂၅၀၈၆၂၁၅၈

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

---

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေး
### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
### (တင်ဒါအမှတ် - ၁ / ၂၀၂၄ -၂၀၂၅)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေးမှ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခန္တီးခရိုင်၊ လဟယ်မြို့၏ အနောက်တောင်ဘက် (၂)မိုင်ခန့်အကွာတွင် ဆောင်ရွက်လျက်ရှိသော ပေွထိုက်အသေးစားရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကျပ်သန်း(၂၀၀)အထက်တန်ဖိုးရှိ ဘီလပ်မြေတန်(၁၃၀၀) စီမံကိန်း လုပ်ငန်းခွင်စခန်းအရောက် ဝယ်ယူပို့ဆောင်ခြင်း (Lot-1)၊ ကွန်ကရစ်တမံအောက်ခံအုတ်မြစ်ကြွံခိုင်မှု (Drilling & Grouting with WPT)လုပ်ငန်း(Lot-2) အား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေး၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)(၂)ရုံး၊ မန္တလေးမြို့တွင် သတ်မှတ်ရက်၊ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ ကိုဗစ် - ၁၉ ရောဂါဆိုင်ရာအကာအကွယ် (Mask နှင့် Face Shield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည် -

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - | ၁၇- ၅-၂၀၂၄ ရက်နှင့်အချိန် (နံနက် ၉:၀၀ နာရီ) |
| **တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးရောင်းချမည့်ရက်နှင့်အချိန်** | - | ၃၀-၅-၂၀၂၄ ရက် (၁၆:၀၀နာရီ) |
| **တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်ရက်နှင့်အချိန်** | - | ၃၁-၅-၂၀၂၄ ရက် (၁၆:၀၀ နာရီ) |
| **ဆက်သွယ်ရန်ဖုန်း** | - | 09-424041090, 09-402627112 |

တင်ဒါကော်မတီ
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

---

### ဆောက်လုပ်ရေးဝန်ကြီးဌာန
### လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်
### လုပ်ငန်းအိတ်ဖွင့် တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများကို လုပ်ငန်းတင်ဒါစနစ်ဖြင့် လုပ်ငန်းများအပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **လုပ်ငန်းအိတ်ဖွင့်တင်ဒါအမှတ်စဉ်** - (၃/၂၀၂၄-၂၀၂၅)

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန်** | - ၁၇-၅-၂၀၂၄၊ (သောကြာနေ့)မှ ၂၈-၅-၂၀၂၄၊ (အင်္ဂါနေ့)အထိ နံနက်(၀၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီအထိ |
| (ခ) | **Pre-Bid Meeting ကျင်းပမည့် ရက်/အချိန်** | - ၂၈ - ၅ -၂၀၂၄၊ (အင်္ဂါနေ့) မွန်းလွဲ(၁၄:၀၀)နာရီ |
| (ဂ) | **တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်/အချိန်** | - ၂၉-၅-၂၀၂၄၊ (ဗုဒ္ဓဟူးနေ့) နံနက်(၀၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီအထိ (ရုံးချိန်အတွင်း) |
| (ဃ) | **တင်ဒါပွဲကျင်းပမည့် ရက်/အချိန်** | - ၃၀-၅-၂၀၂၄၊ (ကြာသပတေးနေ့) နံနက်(၀၉:၃၀)နာရီ |
| (င) | **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တန့်ယန်းခရိုင်၊တန့်ယန်းမြို့ |

၃။ အသေးစိတ် အချက်အလက်များအား သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တန့်ယန်းခရိုင်၏ ဖုန်း(၀၈၂-၂၉၃၈၂၃၄၊ ဖုန်း ၀၉-၈၉၉၂၅၀၄၆၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

### ကျန်းမာရေးဝန်ကြီးဌာန
### မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနမှ (၂၀၂၄-၂၀၂၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အရိုးရောဂါအထူးကု ဆေးရုံကြီး၊ ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး၊ မန္တလေးစိတ်ကျန်းမာရေးဆေးရုံကြီးနှင့် မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနအောက်ရှိ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားပိုင်ဆောက်လုပ်ရေး လိုင်စင်ရကုမ္ပဏီ အသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါ များ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - (၁၅- ၅- ၂၀၂၄)
**တင်ဒါပိတ်မည့်နေ့ရက်နှင့် အချိန်** - (၂၈- ၅ -၂၀၂၄) ညနေ(၄:၃၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက် အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဗဟိုအဆင့်ဆေးရုံကြီး(၃)ရုံနှင့် မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံး (လမ်း၇၀၊ ၂၇x၂၈ကြား)သို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(F)၊ ဦးပိုင်အမှတ်(၇၈)၊ ၁၁၀ လမ်း၊ ၅၆ x ၅၇လမ်း ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မိုးသီတာထွေး ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၁၃၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နှင်းဖြူ ၁/မညန(နိုင်)၀၉၉၀၈၄ က အမှုတွဲအမှတ် (၀၅၃၀/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မေယုလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၈)၊ မြေကွက်အမှတ်- (၁၀၀)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးအုန်းမောင်(ISN-၂၂၁၇၆၄)အမည်ပေါက်ပါမစ်မြေကွက်၏ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်အားမျက်နှာမူလျှင် (ဘယ်)ဘက်အခြမ်း၊ အကျယ်အဝန်းပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ထံမှ ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးလက်ရှိထားကာရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအေးမင်းအောင် (၁၂/သဃက(နိုင်)၁၈၄၉၄၁) ထံမှကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်အတွင်းကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ပပမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ခိုင်ငြိမ်းဆွေ(LL.B) | ဒေါ်မေဝင်းမော်(LL.B) |
| စဉ်-၁၁၄၄၅/၂၀၁၆ | စဉ်-၁၃၇၂၈/၂၀၁၇ |

တရားလွှတ်တော်ရှေ့နေများ
အမှတ်-(၄၀၅)၊ (၆)လမ်း၊ငမိုးရိပ်ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၈၈၂၂၂၀၈၅၊ ၀၉-၄၄၈၀၂၀၀၄၃

---

### စာအုပ်စာပေ လူ့မိတ်ဆွေ

---

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၇၁၈)၊ ဧရိယာ ၀ ဒသမ ၀၉၉ ဧကရှိ ဗိုလ်မှူး စိုးမြင့် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၅၂/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတင်မောင် ၉/စကတ(နိုင်)၀၀၄၇၅၆ မှ မြေငှားစာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးသူရိန်ထွန်း၊ ၇/ရကန(နိုင်)၀၄၄၁၈၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁)၊ ဗိုလ်ဥာဏလမ်း၊ မြေကွက်အမှတ် (၄၂၀)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်နီနီတင် (၁၂/ဥကတ (နိုင်) ၁၃၉၇၇၃) (S/ OKA- ၀၉၂၅၁၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၄၂၁)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်နီနီတင် ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၉၁၅/ ၂၀၁၃)အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကိုဝင်း (၇/ပတတ (နိုင်) ၀၈၈၅၅၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/ B)၊ အကောက်ခွန် (၄)လမ်း၊ မြေကွက်အမှတ် (၉၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးအောင်သူဝင်း (၁၂/လသန (နိုင်) ၀၀၁၀၇၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးအောင်သူဝင်း ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ ပီမိုးနင်း(၂)လမ်း၊ မြေကွက်အမှတ် (၅၂၄)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်နုကြည် (KTN -၀၅၉၄၈၉) အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၅၂၃)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နီလာအေး (၁၂/ဥကတ (နိုင်) ၀၅၃၅၁၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးပြည့်ဖြိုးအောင် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV-HD)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၁၇-၅-၂၀၂၄)ရက် (သောကြာနေ့)ညတွင် ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ်အဖြစ် ကဆုန်လဖွဲ့ တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပ တေးသံရှင်များ စုပေါင်း၍ "မေတ္တာလွှမ်းခြုံ လကဆုန်" တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၁၇-၅-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဇမ္ဗူဒီပါ | ဌာနအဆိုရှင် |
| ၂။ | မင်္ဂလာဆုတောင်း | ပြင်ပအဆိုရှင် |
| ၃။ | သီတာရတနာ/ သီရိရတနာ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | အန္တရာယ်ကင်း | ပြင်ပအဆိုရှင် |
| ၅။ | ပွဲခါညောင်ရေ | ပြင်ပအဆိုရှင် |
| ၆။ | ကဆုန်လပြည့်ဗုဒ္ဓနေ့ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၇။ | ပါရမီတော် | ပြင်ပအဆိုရှင် |
| ၈။ | လကဆုန် | ပြင်ပအဆိုရှင် |
| ၉။ | ညောင်ရေသွန်းတဲ့ပွဲ | ပြင်ပအဆိုရှင် |
| ၁၀။ | မေတ္တာလွှမ်းခြုံ | ပြင်ပအဆိုရှင် |

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန မှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 32(T)/DPTSC(PSD)/2024-2025 | 12kV VCB Panel များနှင့် 66 kV Termination Kit များ ဝယ်ယူရန်။ |
| ခ | 33(T)/DPTSC(MP)/2024-2025 | လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနတွင် အသုံးပြုရန် Four Wheel Tractor(95 HP), Four Wheel Tractor (57 HP) နှင့် (5)Tons Forklift များ ဝယ်ယူရန်။ |
| ဂ | 34(T)/DPTSC(PTP)/2024-2025 | ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်း လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်။ |
| ဃ | 35(T)/DPTSC(PTP)/2024-2025 | ၆၆ ကေဗွီ မော်လမြိုင်-မော်လမြိုင်လေဆိပ် ဓာတ်အားလိုင်း (၂၀)မိုင်အတွက် လိုအပ်သော ကွန်ကရီ ကျောက်တိုင်များဝယ်ယူရန်။ |
| င | 36(T)/DPTSC(PSD)/2024-2025 | ၁၃၂ ကေဗွီ ကင်းတား-အင်းကုန်းဓာတ်အားလိုင်း ACSR Conductor ကြိုးအား ACCC Conductor ကြိုးဖြင့် Dead Line စနစ်ဖြင့် အစားထိုးလဲလှယ်ခြင်း (Turnkey) လုပ်ငန်းဆောင်ရွက်ရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၃၀-၅-၂၀၂၄) ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## အမည်ပြောင်းခြင်း

အင်းစိန်မြို့နယ်၊ သာယာအေး (၂) လမ်းနေ ဖခင် ဦးအောင်အောင် ၁၄/ ဇလန(နိုင်)၁၂၀၂၀၄၏သား မောင်ဘုန်းပြည့်စုံအောင် အား ယနေ့မှစ၍ မောင်ဖြိုးသုတအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဖြိုးသုတအောင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၅-၂၀၂၄ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၇) ပါ ပြင်ဦးလွင်မြို့ မြေငှားဂရန်သစ် လျှောက်ထားနိုင်ရန်အတွက် ဒေါ်ဖြူဖြူ (၉/မမန(နိုင်) ၀၁၈၂၇၇) ၏ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း ကြော်ငြာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစား မြို့နယ်မြေစာရင်းဦးစီးဌာန ပြင်ဦးလွင်မြို့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်-26-A၊ မြေကွက်အမှတ်- ၉၄၊ ဧရိယာ(၀.၀၂၉)ဧက၊ မြေကွက် တည်နေရာ- အမှတ်(၂၀)၊ စကားဝါပင်လမ်း၊ မကျည်းတန်းမြောက်/အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြူဆိုင် (၁၂/ကမတ(နိုင်)၀၄၅၃၉၄)အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေ၏ အမည်ပေါက်ဖြစ်သူ ဦးကြူဆိုင်သည် (၁၂-၈-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ CHEE YORK LAY (ခ) ဒေါ်စန်းစန်းထွေးသည် ဦးကြူဆိုင်၏ တစ်ဦးတည်းသော တရားဝင် ဇနီးဖြစ်ကြောင်း၊ အခြားဇနီးတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ခင်ပွန်းဖြစ်သူနှင့် ၎င်းတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြောင်း၊ ခင်ပွန်း ဦးကြူဆိုင် ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ ကျန်ရစ်ခဲ့ရာ ဇနီးဖြစ်သူ CHEE YORK LAY (ခ) ဒေါ်စန်းစန်းထွေးက ဗုဒ္ဓဘာသာမြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ CHEE YORK LAY (ခ) ဒေါ်စန်းစန်းထွေး (၁၂/လသန (ပြု)၀၀၀၄၇၉)က လသာမြို့နယ်တရားရုံးတွင် ကျမ်းကျိန်ဆိုသည့် ကျမ်း ကျိန်လွှာအမှတ်- ၁/၂၀၁/၂၀၂၄ (၂၉-၁-၂၀၂၄)၊ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်း၊နိုင်ငံသားစိစစ်ရေး ကတ်၊ နှစ်(၆၀)မြေငှားဂရန်တို့ကိုတင်ပြ၍ CHEE YORK LAY (ခ)ဒေါ်စန်းစန်း ထွေးက အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထား လာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ စီမံကိန်းမန်နေဂျာရုံး(၁)တောင်ပိုင်း(ရန်ကုန်) နှင့် {ကမာနတ်၊ ရတနာပုံ၊ အသုတ်၊ သပြေဝ(မိတ္ထီလာ)၊ ဥသျှစ်ပင်၊ ပျဉ်းမနား၊ အောင်ပင်လယ်၊ လှိုင်သာယာ၊ ဝါးတရာ၊ မြင်းခြံ} စသည့် ပင်မ ဓာတ်အားခွဲရုံ (၁၀)ရုံတို့ရှိ ဝန်ထမ်းအိမ်ရာအဟောင်းများ၊ စက်ပစ္စည်းအဟောင်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ပရိဘောဂများ၊ ဘက်ထရီများနှင့် တာယာအဟောင်းများ (1 Lot)ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ လေလံပုံစံများကို အောက်ပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) လေလံပုံစံရောင်းချမည့်ရက် - ၁၆ - ၅ - ၂၀၂၄ ရက်မှ ၃၀ - ၅ - ၂၀၂၄ ရက်အထိ (ရုံးချိန်အတွင်း)

( ခ ) လေလံပုံစံရောင်းချမည့် နေရာ - ရုံးအမှတ် (၂၇)၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန

( ဂ ) လေလံပိတ်မည့်ရက်/အချိန် - ၃၀ - ၅ - ၂၀၂၄ ရက် ( ၁၀ : ၀၀ )နာရီ

(ဃ) လေလံဖွင့်မည့်ရက်/အချိန် - ၃၀ - ၅ - ၂၀၂၄ ရက် ( ၁၂ : ၀၀ )နာရီ

၂။ လေလံပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၁၀၂၀၉ ၊ ၀၆၇-၃၄၁၀၂၈၂ သို့ ရုံးချိန် အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးတင်ဒါကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန ၊ ရုံးအမှတ်(၂၇) ၊ နေပြည်တော်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅

၁။ ဦးယဉ်ထွေး နှင့် ဦးကျော်ဒိုး
၂။ ဦးဇော်မင်းအောင်

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၁၁၈၈)နေဦးကျော်ဒိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ်၌ ပဋိညာဉ်အတိုင်းအိမ်ခြံမြေအရောင်းအဝယ် စာချုပ်အား တရားဝင် မှတ်ပုံတင်ပေးစေလိုမှု ရလိုကြောင်းလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၄ ရက်၊ (၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၁၃ ရက်) နေ့မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက် ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်း လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းစန္ဒာဦး)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## အမည်ပြောင်း

(ဘ) ဦးဇေယျာဝင်း ၏သမီး ပဲခူးမြို့၊ အထက(၁)ကျောင်း၊ Grade-7 မှ မသိမ့်သီရိဝင်း အား ယနေ့ မှစ၍ မထက်အိအိလွင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မထက်အိအိလွင်**

## အမည်ပြောင်း

(ဘ) ဦးတင်ဇော်လင်း ၏သမီး မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ အလက (မြေပဒုံ) မှ Grade-9 အောင်မြင်သော မရတနာဦး အား မယွန်းလဲ့နဒီ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မယွန်းလဲ့နဒီ**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာနေ (ဘ) ဦးလှစိုး၏သမီး မတင်တင်လှ ၈/တတက(နိုင်)၁၄၃၉၃၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် MG 752712 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၅၆၁၃၇၆**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကြမ်းကြားကျေးရွာနေ (ဘ) ဦးဝင်းဇော် ၏သမီး မအိအိချော ၈/တတက(နိုင်)၂၇၄၈၅၆ ၏ နိုင်ငံကူး လက်မှတ်အမှတ် MG 513134 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၆၈၆၉၈၅၇**

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
မြန်မာ့အလင်းသတင်းစာတွင်
ကြော်ငြာစို့

## အမည်ပြောင်း

ဦးကံဝင်း ၈/ရစက(နိုင်) ၀၂၇၆၁၅၏သမီး ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ MEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-4မှ မချစ်စုဇင် အား ယနေ့မှစ၍ မပြည့်စုအောင် ဟု ပြောင်းလဲခေါ်ပါရန်။

**မပြည့်စုအောင်**

## အမည်ဖြည့်စွက်ခေါ်ပါရန်

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်၊ ပန်ဝိုင်အုပ်စု၊ နမ့်ချပ် (လားဟူ) ကျေးရွာနေ ဦးကျအူ၏သား မောင်အိုက်လို့အား မောင်ကျော်မိုးလစ် ၁၃/မပတ(နိုင်) ၀၅၆၈၃၃ ဟု ဖြည့်စွက်ခေါ်ပါရန်။

**မောင်အိုက်လို့(ခ)**
**မောင်ကျော်မိုးလစ်**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၊ တာခွတဲကြီးကုန်း၊ အထက (တာခွ) Grade-11မှ မချယ်ရီမို့မို့၏ ဖခင်အမည်မှန်မှာ ဦးအောင်လေး ၁၄/မအန(နိုင်) ၁၇၀၃၈၀ ဖြစ်ပါကြောင်း။

**ဦးအောင်လေး**
**ဖုန်း-၀၉-၇၆၂၉၂၅၃၅၇**

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၄-၂၀၂၄ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၁)ပါ ကညနခရိုင်ရုံး (မန္တလေး မြောက်ပိုင်း) မန္တလေးမြို့၏ မော်တော်ယာဉ်မှတ်ပုံတင် စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 51W/1386 အစား 51W/ 11386ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ စက်ပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါအမှတ်စဉ် |
|---|---|---|---|
| ၁ | Computer | ၇၅ စုံ | 01-Budget/24-25 (Lot 1) |
| ၂ | Printer | ၇၅ လုံး | 01-Budget/ 24-25 (Lot 2) |
| ၃ | မိတ္တူကူးစက် | ၃၀ လုံး | 01-Budget/ 24-25 (Lot 3) |

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၃၀- ၅- ၂၀၂၄ ရက် |
| (ခ) | **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်** | - | ၁၄ - ၆- ၂၀၂၄ |
| (ဂ) | **တင်ဒါပိတ်မည့်ရက်** | - | ၂၁ - ၆- ၂၀၂၄ |
| (ဃ) | **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** | - | e-Governmentဌာန ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး |
| (င) | **တင်ဒါဖွင့်မည့်ရက်** | - | တင်ဒါတင်သွင်းသူများကို ဆက်သွယ်အကြောင်းကြားမည် ဖြစ်ပါသည်။ |

၂။ တင်ဒါလျှောက်လွှာပုံစံများအား သတ်မှတ်ကာလအတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇- ၃၄၃၀၅၂၆ သို့ လည်းကောင်း၊ e-Gov@usc.gov.mm Mail သို့ လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**ရုံးအမှတ် (၅၄)၊ နေပြည်တော်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရှမ်းပြည်နယ်တရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

| | | |
|---|---|---|
| ဒေါ်ပန်းအိကျော် | **နှင့်** | ဦးမောင်ရင်ကျို |
| **တရားလို** | | **တရားပြိုင်** |

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ခမ်းမြို့၊ ဟိုနောင်ရပ်ကွက်၊ အမှတ်(မ/၆၇)နေ ဦးမောင်ရင်ကျို (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ပန်းအိကျော်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန် ၆ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လကွယ်နေ့)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုးထုတ်ပေး လိုက်သည်။

**(အေးစန္ဒီအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်တရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မ မြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးတင်ငွေ ၁၂/သလန(နိုင်)၀၁၅၇၂၀ (ဘ) ဦးသင်းမောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၃၃၄၂၀)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၃၄၁/၂၀၂၃(၂၃-၁၁-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ညွန့်ညွန့်ဝေ ၇/တငန(နိုင်)၀၁၄၅၀၁ (ဘ) ဦးညွန့်တင်မှ ဒေါ်မေလဲ့ဟိန်း (ဘ) ဦးမြတ်ဟိန်း ၁၂/လမန(နိုင်)၁၄၅၉၁၇နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မ မြောက်ရပ်၊ ရတနာဒီပရပ်ကွက်ရှိ ဒေါ်တင်အုန်းသိန်း ၁၂/ရကန(နိုင်)၀၂၆၉၄၄ (ဘ) ဦးမောင်မောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပ-၃၃၆၃၄ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံသမီးဖြစ်သူ ဒေါ်သိမ့်သိမ့်နွေး ၁၂/သဃက(နိုင်)၁၆၅၀၉၇ (ဘ) ဦးသိန်းလှမှ တရားဝင်အမွေခံသမီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒေါ်တင်အုန်းသိန်း သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၃

**ကွယ်လွန်သူ ဦးအောင်ထွန်းကျော်၏ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ညောင်ခြောက်ပင်ရပ်ကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအောင်ထွန်းကျော်၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်စန်းအေးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ မေလ ၂၃ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၁ ရက်)တွင်ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအောင်ထွန်းကျော်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ မေလ ၂၃ ရက်(၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာ အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်စန်းအေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ မေလ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော့မေခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ကျောက်ဆည်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၊ ၃၀/ ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက်အမှတ်(၄၈၀/၈၉၄)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်ပေါ်ကြွယ် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ဝါဝါဝင်း ၉/ပမန(နိုင်)၀၀၂၈၇၆ မှ ပျဉ်းမနားမြို့ မြေတိုးချဲ့နေရာချထားရေးကော်မတီ၏ ဝိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## အမရပူရခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၁

ကွယ်လွန်သူ ဒေါ်ခင်စန်းဦး၏ ကျန်ရစ်သော ကြွေးမြီများနှင့် ပတ်သက်၍ ကွယ်လွန်သူ ဒေါ်ခင်စန်းဦး၏ ကျန်ရစ်သော ကြွေးမြီများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးမောင်နိုင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက် (၁၃၈၆ ခုနှစ် ကဆုန်လဆုတ် ၂ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ခင်စန်းဦး၏ ကျန်ရစ်သော ကြွေးမြီများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါ အမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်(၁၃၈၆ ခုနှစ် ကဆုန်လဆုတ် ၂ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးမောင်နိုင် လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။

(နန်းယုလွင်)
ဒုတိယခရိုင်တရားသူကြီး
အမရပူရခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ်-၂၉၇

| | | |
|---|---|---|
| ဦးရဲလွင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နေရည်လင်း) | နှင့် | ၁။ ဦးကျော်သန်းထိုက်<br>၂။ ဒေါ်ကံစိန် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဆန်းဝင်း)<br>၃။ ဦးဘချုပ်<br>၄။ ဦးမင်းသန်းထိုက်<br>၅။ ဒေါ်နုနုယဉ်<br>၆။ ဦးဆန်းဝင်း<br>၇။ ဒေါ်အေးအေးဦး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးခင်မောင်ညို) |
| တရားလို | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/က)ရပ်ကွက်၊ ရွှက်လှလမ်း၊ အမှတ် (၆၉)နေ (၃)တရားပြိုင် ဦးဘချုပ်၊ (၄)တရားပြိုင် ဦးမင်းသန်းထိုက်၊ (၅)တရားပြိုင် ဒေါ်နုနုယဉ် (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "(၁-၉-၂၀၂၃)ရက်စွဲပါ ပဋိညာဉ်အတိုင်း ဆောင်ရွက်၍ ရောင်းဖိုးကျန်ငွေလက်ခံ၍ အိမ်နှင့်မြေကို လက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်) ပေးအပ်ထားသည့် စရန်ငွေ၏ (၂-ဆ) ဖြစ်သော ငွေကျပ် ၇၀၀၀၀၀၀၀/ (ကျပ်သိန်းခုနစ်ရာတိတိ)ရလိုမှု" လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်(၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၆ ရက်)မွန်းမတည့်မီ နံနက် ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သီတာနွယ်)
ခရိုင်တရားသူကြီး
ဒဂုံမြို့သစ်ခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၃

| | | |
|---|---|---|
| ဦးကျော်ကျော်မြင့် | နှင့် | တသကျင်ရုံ(ခ)ဦးကျင်ရန် |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၅၉လမ်း၊ ၁၂၄ နှင့် ၁၂၅ လမ်းကြား ရပ်နေ တသကျင်ရုံ (ခ) ဦးကျင်ရန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် တသကျင်ရုံ(ခ)ဦးကျင်ရန် သင့်အပေါ်၌ တရားလို ဦးကျော်ကျော်မြင့်က ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈) ဦးပိုင်(၆၈)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကရှိ တသကျင်ရုံ(ခ) ဦးကျင်ရန် အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မေလ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးနိုင်ချမ်း)
တွဲဖက်မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## နားမကြားသောကလေးများကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း(ရန်ကုန်)နှင့် နားမကြားသော ကလေးများကျောင်း (မန္တလေး)တို့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ အကြားအာရုံ ချို့ယွင်းအားနည်းသူ ဖြစ်ရမည်။
၂။ အသက်(၆)နှစ်မှ (၁၈)နှစ်အတွင်း ရှိသူဖြစ်ရမည်။
၃။ အကြားအာရုံ ချို့ယွင်းအားနည်းမှုမှလွဲ၍ ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။
၄။ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။
၅။ အိမ်ထောင်မရှိဘူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၆။ ကျား/မ၊ လူမျိုးနှင့်ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။
၇။ ကျောင်းအပ်နှံပါက မိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် လာရောက်အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ဓာတ်ပုံ (၄)ပုံ ၊ ဖွားစာရင်း မူရင်းနှင့် မိတ္တူ
၂။ မိဘ(၂)ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ
၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၄။ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင်နေထိုင်ကြောင်း ထောက်ခံချက်
၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါ ကင်းရှင်းကြောင်း ထောက်ခံချက်
၆။ အကြားအာရုံ ချို့ယွင်းမှု တိုင်းတာစစ်ဆေးပြီးသည့် နားကြားနှုန်း (Audiograph dB ) စာရွက်စာတမ်း

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသော ကလေးများကျောင်း၊ အမှတ်-၃၄ ၊ F, G အိုးစု(၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ နားမကြားသော ကလေးများကျောင်း၊ အကွက် - ၈၅၈၊ ချမ်း/တောင်ရပ်ကွက် ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှ တစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်တက်ရောက်ခွင့်ရရှိပါကသွားလာရေးခက်ခဲသောဒေသများမှ နားမကြား ကျောင်းသား/သူ များ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန်မလိုပါ။ လျှောက်လွှာများကို ၂၀၂၄ ခုနှစ် မေလ ၂၀ ရက်မှစ၍ လျှောက်ထားနိုင်ပါသည်။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဌာနစု၊ ဖုန်း-၀၆၇-၃၄၀၄၂၅၂ ၊ နားမကြားသောကလေးများကျောင်း(ရန်ကုန်) ဖုန်း-၀၁-၉၅၄၈၈၇၂ ၊ ၀၉-၂၅၀၀၇၇၂၆၈ နှင့် နားမကြားသော ကလေးများကျောင်း(မန္တလေး) ဖုန်း-၀၂ - ၄၀၃၄၆၁၇ ၊ ၀၂ - ၄၀၃၀၀၄၃၊ ၀၉ - ၄၀၂၆၆၂၆၈၉ တို့သို့ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ Garden Cityအိမ်ရာနေ ဒေါ်စုစုစံ (ဘ) ဦးဆန်းထွန်းဦး Facebook Account Name – Su Su San ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါ်စုစုစံသည် Viber Phone နံပါတ် 09-978995274 နှင့် Facebook Link – https://www.facebook.com/su.s.san.1675မှ လွဲ၍ အခြားသောအကောင့်များ သုံးစွဲခြင်းမရှိပါကြောင်းနှင့် ဒေါ်စုစုစံ သုံးစွဲခြင်းမရှိသည့် အခြားသော အကောင့်အတုများ Viber Phone နံပါတ်များကြောင့် ပေါ်ပေါက်လာမည့် ကိစ္စအရပ်ရပ်ကို ဒေါ်စုစုစံမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါ်စုစုစံ၏ Facebook Messenger သို့ အခြားအကောင့်များမှ စိတ်အနှောင့်အယှက်ဖြစ်စေမည့် စာများပေးပို့ခြင်းနှင့် ဒေါ်စုစုစံအား ဂုဏ်သိက္ခာ ကျဆင်းစေရန်နှင့် အလုပ်နှင့်ပတ်ဝန်းကျင်တွင် ထိခိုက်စေရန် ဆောင်ရွက်မည်ဟု ခြိမ်းခြောက်ပြောဆိုခြင်းများကြုံတွေ့နေရပါသည်။ ထိုသို့ မဟုတ်မမှန်လုပ်ကြံပြောဆိုဆောင်ရွက်နေသူများကို တည်ဆဲတရားဥပဒေများနှင့်အညီဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေနှင့်၎င်း၏မိသားစုများကို ထိခိုက်နစ်နာစေရန် မဟုတ်မမှန် ပြောဆိုခြင်းများကို ဆက်သွယ်ရေးကွန်ရက် ကိုအသုံးပြု၍ဖြစ်စေ၊ လူမှုပတ်ဝန်းကျင်မှဖြစ်စေ ပြောဆိုခြင်း၊ ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ ယင်းဖြန့်ဝေမှုများကို တုန့်ပြန်မှုများပြုလုပ်ခြင်း၊ မှတ်ချက်ပေးခြင်းများ လုံးဝမပြုလုပ်ပါရန် တားမြစ်အပ်ပါသည်။ ပြုလုပ်ထားပါက ယနေ့မှစ၍ ပြန်လည်ရုတ်သိမ်း/ဖျက်သိမ်းပေးပါရန်နှင့် လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဒေါ်စုစုစံ**
**၉/ခမစ(နိုင်)၀၆၄၁၉၉**

**လွှဲအပ်ချက်အရ-**
**ဦးပြည့်ဖြိုးမောင်(LL.M)** (စဉ်-၁၄၅၀၀/၂၀၁၈)
**ဦးဇင်မင်းထက် (LL.B)** (စဉ်-၁၈၆၃၄/၂၀၂၃)
**ဒေါ်နန်းအိမွန်စံ(LL.B)** (စဉ်-၁၅၇၂၁/၂၀၁၉)
**ဒေါ်စောမွန်ဦး(LL.B)** (စဉ်-၁၉၂၂၀/၂၀၂၄)

**တရားလွှတ်တော်ရှေ့နေများ**
**မြို့ဦးလမ်းသွယ်(၁) ကျီကုန်းရပ်ကွက်၊ ပုသိမ်ကြီးမြို့**
**ဖုန်း-၀၉-၂၀၀၉၅၀၃၊ ၀၉-၇၇၇၇၈၉၃၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/89285

Zong Shen-110, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8B/1771

Kanaung KN-1, Pick up(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ကြည်ထွန်း ၉/ခအဇ(နိုင်)၀၅၁၅၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ ခွဲတပ်ကြပ်ကြီးဝင်းမြင့် (ကိုယ်ပိုင်အမှတ် ၅၁၇၄၃၇) ၁၂/မရက(နိုင်)၀၃၃၇၂၉ (ဘ) ဦးအုံး အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၃၁၄၅ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်မြမြကြည် ၁၂/မရက(နိုင်)၀၃၃၇၂၈ (ဘ) ဦးထွန်းရွှေမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ခွဲတပ်ကြပ်ကြီးဝင်းမြင့် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/33371

Luojia ယာဉ်လက်ဝယ်ရှိသူ Thinn Pyint Sabai Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/36866

Kenbo-110, M/C ယာဉ်လက်ဝယ်ရှိသူ Lucky Thukha Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/94267

Honda Click ယာဉ်လက်ဝယ်ရှိသူ Superior International Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ၉၉-၂၊ ဦးပိုင်အမှတ်(၃)၊ ၁၀၇လမ်း၊ ၅၈x၅၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးရှင်းတေ့ LSO/၂၀၇၀၅၆ ၁၃/လရန(နိုင်) ၂၂၈၆၅၁ က အမှုတွဲအမှတ် (၀၅၂၄/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃) ကွင်း/အကွက်အမှတ် ( ၅/ကုလားတန်းရပ်)၊ ဦးပိုင်အမှတ် (၇၈-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိမြေကွက်အား စက်မှုစီးပွား မြေငှားဂရန်သက်တမ်းတိုးလျှောက်ထားနိုင်ရေး ဦးရှန်ချုန်း(ခ)ပီတာမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (A)၊ ဦးပိုင်အမှတ်(၈)၊ ၅၉လမ်းနှင့် သံလမ်းကြား၊ ၁၀၈ x ၁၀၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းအေးလွန်း ၁/ဒဖယ(နိုင်)၀၀၁၆၂၃ က အမှုတွဲအမှတ် (၀၅၂၆/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ-၁၊ ဦးပိုင်အမှတ် (၄၈)၊ ၇၃(စီ)လမ်း၊ ၁၁၆ x ၁၁၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဘရွှေ၏ (GPရရှိသူ ဒေါ်ငွေငွေရီ)ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၉၉၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချောစုလှိုင် ၉/အမရ(နိုင်) ၀၉၈၉၅၄က အမှုတွဲအမှတ် (၀၅၂၂/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် D၊ ဦးပိုင်အမှတ် (D.1.B ခဲစင်း)၊ ၆၂ x ၆၂လမ်းခွဲကြား၊ အောင်ဆန်းလမ်းမြောက်ဘက်ခြမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးမြင့်ကြည်၏ (SPရရှိသူ ဒေါ်အေးအေးကျော်၊ ဒေါ်ခင်မျိုးကျော်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၇၉၅/၂၀၂၁)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီသီ ၅/ခဥတ (နိုင်)၀၄၇၇၄၄ က အမှုတွဲအမှတ် (၀၅၂၀/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် D၊ ဦးပိုင်အမှတ် D.1.B ခဲစင်း၊ ၆၂x၆၂လမ်းခွဲကြား၊ အောင်ဆန်းလမ်းမြောက်ဘက်ခြမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးမြင့်ကြည်၏ (SP ရရှိသူ ဒေါ်အေးအေးကျော်၊ ဒေါ်ခင်မျိုးကျော်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၇၉၅/၂၀၂၁)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီသီ ၅/ခဥတ(နိုင်)၀၄၇၇၄၄က အမှုတွဲအမှတ် (၀၅၂၁/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း/ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ် ၇၃၁၊ ဦးပိုင်အမှတ်(၈-စ)/ ၂၇x၂၈ကြား၊ ၇၁x၇၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းတင် ၉/မရမ(နိုင်)၀၉၁၀၄၇ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးခင်ငြိမ်း
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အကောက်ခွန်ဦးစီးဌာန
### အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ (ဦးအေး-ဒေါ်တင်တင်)တို့၏သား၊ (ဦးညီပု-ဒေါ်အေးစိန်)တို့၏သားသမက်၊ ဦးကျော်သူငြိမ်း၊ ဒေါ်အေးအေးဇော်၊ ဦးရာကျော်ငြိမ်း၊ ဒေါ်ယဉ်ယဉ်မြင့်တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုး၊ ဒေါ်ခင်မြအေး၏ခင်ပွန်း ဦးခင်ငြိမ်းသည် ၁၅-၅-၂၀၂၄ရက် (ဗုဒ္ဓဟူး နေ့) နံနက် ၁၀:၃၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်ငြိမ်း
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အကောက်ခွန်ဦးစီးဌာန
### အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဦးကျော်သူငြိမ်း၊ ဒေါ်အေးအေးဇော်၊ ဦးရာကျော်ငြိမ်း၊ ဒေါ်ယဉ်ယဉ်မြင့် တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုး၊ ဒေါ်ခင်မြအေး၏ ခင်ပွန်းဖြစ်သူ ဦးခင်ငြိမ်းသည် ၁၅-၅-၂၀၂၄ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အကောက်ခွန်ဦးစီးဌာနဝန်ထမ်းများ**

## ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ ကုန်းကြီးတောင်ရပ်၊ ကုန်းကြီးကျေးရွာ အလက(၆) ရွာသာကုန်း Grade-9 မှ မဆုရည်ဝင်း ၏ ဖခင်အမည်မှန်မှာ ဦးတင်မင်းအောင် ၁၄/ဟသတ(နိုင်) ၀၅၂၆၇၀ ဖြစ်ပါသည်။

**ဦးတင်မင်းအောင်**

## အမည်ပြောင်း

ဟသ်ာတမြို့နယ်၊ သုံးပင်ကွင်းရပ်၊ မြကွက်သစ် (၄)လမ်းနေ (ဘ)ဦးကျော်သူဟန် ၇/တငန(နိုင်)၀၉၆၁၆၆၏သား အလက(၃)မှ မောင်ကောင်းစျာန်ထူး ကို မောင်ကောင်းခန့်ဂုဏ်ရှိန် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းခန့်ဂုဏ်ရှိန်**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်ငြိမ်း
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)အကောက်ခွန်ဦးစီးဌာန
### အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဦးကျော်သူငြိမ်း၊ ဒေါ်အေးအေးဇော်၊ ဦးရာကျော်ငြိမ်း၊ ဒေါ်ယဉ်ယဉ်မြင့် တို့၏ဖခင်၊ မြေးလေးယောက် တို့၏အဘိုး၊ ဒေါ်ခင်မြအေး ၏ခင်ပွန်းဖြစ်သူ ဦးခင်ငြိမ်းသည် ၁၅-၅-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး**
**အကောက်ခွန်ဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်ငြိမ်း
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အကောက်ခွန်ဦးစီးဌာန
### အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဦးကျော်သူငြိမ်း၊ ဒေါ်အေးအေးဇော်၊ ဦးရာကျော်ငြိမ်း၊ ဒေါ်ယဉ်ယဉ်မြင့် တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုး၊ ဒေါ်ခင်မြအေး၏ ခင်ပွန်းဖြစ်သူ ဦးခင်ငြိမ်း သည် ၁၅-၅-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/5480 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဒေါ်နွဲ့ရီ
## အလယ်တန်းပြဆရာမ၊ အထက(၂) လသာ
## မရမ်းခြံကျောင်းသူဟောင်း
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၂၂) နေ ဦးမြမောင်-ဒေါ်တင်စိန်တို့၏ချစ်လှစွာသောသမီးကြီး၊ ဦးကျော်-ဒေါ်မြသိန်းတို့၏ ချစ်လှစွာသောချွေးမ၊ ဦးသန်းထွန်း (ဒုညွှန်မှူး/အကောက်ခွန်ဦးစီးဌာန-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်လှလှ၊ (ဦးအောင်တင်ဦး)၊ ဒေါ်ခင်နှင်းရီ တို့၏အစ်မကြီး၊ ဦးအောင်စည်သူ-ဒေါ်ခင်မာလာထွန်း၊ ဦးအောင်ခိုင်ထွန်း-ဒေါ်ဇာခြည်ခင်ကျော် တို့၏ချစ်လှစွာသောမိခင်၊ မောင်ဥက္ကာမင်းခန့်၊ မောင်လရောင်လင်း၊ မမြယွန်းမီတို့၏ ချစ်လှစွာသောအဘွား သည် ၁၄-၅-၂၀၂၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်စွာအသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။ )

**ကျန်ရစ်သူမိသားစု**

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၃၁)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ပါအိမ်ခြံမြေအား ဦးအေးကျော် ၁၂/ရပသ(နိုင်) ၀၂၂၆၈၂မှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းအေး ၁၂/ဗဟန(နိုင်) ၀၄၃၈၃၉က ဝယ်ယူရန် သဘောတူညီပြီး အ ပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် ရက်မှစ၍ခုနစ်ရက်အတွင်းခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်း များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်မြတ်စိုး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၀၇)**
**ရုံးခန်းအမှတ်-၃၊ သုမနလမ်းမကြီး၊ သာကေတမြို့နယ်ဥပဒေရုံးရှေ့၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၂၄၀၄၄၈၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 15W/85655 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6W/66579, Honda Dream C100Pယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ထွေးရီ ၂/လကန(နိုင်)၀၄၉၇၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**0ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23W/87656, Honda Wave MLHJA 211ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအဲ ၁၃/တခလ(နိုင်) ၀၆၄၃၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မောင်းရမ်းကျေးရွာအုပ်စု၊ ကွမ်းခြံစုကျေးရွာနေ ဦးဝင်းမြင့် ၉/စကတ(နိုင်) ၀၂၀၅၇၄-ဒေါ်ခင်သက်လွင် ၉/စကတ(နိုင်)၀၂၀၅၇၆ တို့၏ သား မောင်ပြည့်ဖြိုးအောင် ၉/စကတ(နိုင်)၀၈၂၉၂၉သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝ တို့ကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

**မိဘ ဦးဝင်းမြင့်-**
**ဒေါ်ခင်သက်လွင်**

## အများသိစေရန်အသိပေးကြေညာခြင်း

မွေးစားဖခင် ဦးဇော်ထွန်းသိန်း (၁၂/မဂဒ(နိုင်)၀၁၃၇၂၅)၊ မွေးစားသား ဦးတင့်နိုင်ဝေ (၁၂/ဥကတ(နိုင်) ၁၆၉၈၆၂)၊ မွေးစားသမီး ဒေါ်ခင်စန္ဒာအေး (၁၂/ဥကတ(နိုင်)၁၅၉၀၂၄)နှင့် မွေးစားဖခင်၏ဇနီးဖြစ်သူ ဒေါ်ပိုးအိစိုး (၇/ရတရ(နိုင်)၁၆၈၀၂၁)တို့သည် (၁၄-၅-၂၀၂၄)ရက်၌ အမွေကိစ္စနှင့်ပတ်သက်၍ မိသားစုစီမံမှုဖြင့် မေတ္တာနှင့်ပေးကမ်းခြင်း၊ အပြီးအပိုင်ထာဝရစွန့်လွှတ်ခြင်း၊ လက်ခံရယူခြင်း ဝန်ခံကတိစာချုပ်ကို အသိသက်သေများရှေ့၌ စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးကြပြီး၊ မွေးစားသားဖြစ်သူ ဦးတင့်နိုင်ဝေနှင့် မွေးစားသမီးဖြစ်သူ ဒေါ်ခင်စန္ဒာအေးတို့ကို ၎င်းတို့ရသင့်ရထိုက်ခွင့်ရှိသော အမွေအနှစ်တို့ကို မွေးစားဖခင် ဦးဇော်ထွန်းသိန်းနှင့် တရားဝင်ဇနီးဖြစ်သူ ဒေါ်ပိုးအိစိုးဖြစ်ကြသူတို့မှ အပြီးအပြတ် လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်၍ မွေးစားသားနှင့် မွေးစားသမီးဖြစ်ကြသူတို့သည် နောက်နောင် မွေးစားဖခင် ဖြစ်သူထံ၌လည်းကောင်း၊ တရားဝင်ဇနီးဖြစ်သူထံ၌လည်းကောင်း၊ ၎င်းတို့၏သားဖြစ်သူ မောင်ညဏ်ဘုန်းထက်ထံတွင် လည်းကောင်း အမွေအနှစ်အနေဖြင့် တောင်းခံရယူခံစားပိုင်ခွင့်လုံးဝမရှိတော့ပါကြောင်းနှင့် အပြီးအပိုင်ထာဝရ စွန့်လွှတ်ပြီး ဖြစ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ထွန်းသိန်း၊ ဒေါ်ပိုးအိစိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် -၇၂၂၁)**
**အမှတ်(၂၂)၊ (ဘီ-၁)၊ ပထမထပ်၊ စံရိပ်ငြိမ်(၃)လမ်း၊ (၂)ရပ်ကွက်၊**
**ကမာရွတ်မြို့နယ်၊ ဖုန်း- ၀၉-၅၄၁၆၀၁၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၄၆၈)၊ အကျယ်အဝန်း (ပေ၄၀x ပေ၆၀)ရှိ ဒေါ်တင်တင်ဌေးအမည်ပေါက်ပါမစ်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် (၄၆၈)၊ တပင်ရွှေထီးလမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော သွပ်မိုး၊ အုတ်ချပ်ကာ၊ ရေ၊ မီးအစုံ၊ (၁)ထပ်အိမ်(၂)လုံးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသန်းနိုင်ဦး (၈/ရစက(နိုင်)၁၃၇၇၉၂)ထံမှကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေနှင့်ပတ်သက်၍အကျိုးသက်ဆိုင်သူ၊ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်သည့်ရက် အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နိုင်နိုင်ရွှေ (LL.B., D.B.L) ဦးရဲဝဏ္ဏ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၆၆) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၂)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဈ)၊ (ပ)ထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၃၁၆၁၆၃၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ မင်းကျောင်းကျေးရွာကွင်း၊ ကွင်းအမှတ်(၂၈၁၁)၊ (တပ်မြို့မြောက်ကွင်း)၊ ဦးပိုင်အမှတ်(A4-101)၊ ဧရိယာ(၀ ဒသမ ၂၃၀)ဧကရှိ မြေကို ဦးနန်းဝင်းနှင့် ဒေါ်မာမာလင်း တို့မှ (၇-၁-၂၀၁၃)မှ (၆-၁-၂၀၄၃)ထိ နှစ်(၃၀)မြေငှားဂရန်ရရှိထားပြီး ၎င်းတို့မှ ဒေါ်မာလာဝင်းအား ရွှေဘိုမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်စဉ်(၇၄/၂၀၂၃)ဖြင့် အထူးကိုယ်စားလှယ် လွှဲအပ်ထားရှိခဲ့၍ ဒေါ်မာလာဝင်းနှင့် ဦးကျော်စိုးနိုင်တို့မှ ရွှေဘိုမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်စဉ်(၇၈/၂၀၂၃)ဖြင့် အရောင်းအဝယ်ချုပ်ဆိုကြပြီး အမည်ပြောင်း စက်မှု/စီးပွားမြေငှားဂရန် ခွင့်ပြုချထားပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း) များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘိုမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၃၃၈၆၈ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း၁၀/မလမ(နိုင်)၂၄၇၂၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၇၀၄၃၄ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းနွယ် ၁၀/ရမန(နိုင်)၀၁၀၈၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၇၀၅၉၅ ယာဉ်လက်ဝယ်ရှိသူ ဦးဇွဲသက်ပိုင်စိုး ၁၀/မဒန(နိုင်)၂၂၅၀၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/4781ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခင်ခင်လင်း ၁၂/မဂတ (နိုင်)၁၀၀၂၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/75263, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးနောင်နောင်ကျော် ၁၄/ဟသတ(နိုင်)၂၇၅၇၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ(၅)လမ်း၊ အမှတ်(၄၈၄) မြေကွက်အပေါ်၌ ၃ခန်းတွဲ (၃) ထပ် ကန်ထရိုက်တိုက်၏ ( ခေါင်းရင်းခြမ်း) ဒုတိယထပ် ၊ အကျယ်အဝန်း(၁၃ x ၅၀) ပေရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခက်ခက်ကျော်(၁၂/ဥကမ(နိုင်) ၁၈၉၃၈၉)မှ (ဝန်ခံ ကတိစာချုပ်ဖြင့် ရောင်းချပိုင်ခွင့်ပေးသူ ဒေါ်စန်းမြင့် (၁၄/ပသန(နိုင်) ၀၅၈၆၅၅) ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ် မိတ်ဆွေဦးဝေဖြိုးဝင်း (၁၂/ ဥကမ (နိုင်)၂၁၄၉၅၆) က စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သတ်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုယုဆွေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၃၇၉/၂၀၁၅)**
**အမှတ်(၄၈၃) ၊ ပထမထပ်၊ မြရတနာ(၁)လမ်း၊ (ခ) ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၂၀၄၆**

❖ **ခေါင်းဆောင်ဆိုသည်မှာ အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ် ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်းစေတနာကောင်းရှိရမည့်အပြင် ကိုယ်ချင်းစာစိတ်နှင့် ကွပ်ကဲအုပ်ချုပ်သွားကြရမည်ဖြစ် ...**

❖ **အကျင့်စာရိတ္တကောင်းမွန်မှသာ လုပ်ဆောင်ပြမှုပြောဆိုချက်များ အောင်မြင်လာမည်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၆၅) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ ဖမ်းဆီးရမိ အမှုတွဲ (၁၂၄၃၀) မှု ခန့်မှန်းတန်ဖိုးကျပ် ၂၅၀ ဒသမ ၁၇၆ ဘီလီယံ ဖမ်းဆီးရမိခဲ့

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအပြင် ပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၁၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## မိုးကြိုကာလအတွင်း ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

နေပြည်တော် မေ ၁၅

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီနှင့် အနောက်တောင်မုတ်သုံလေ ဝင်ရောက်စဉ်ကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းခြင်းကြောင့် လည်းကောင်း လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ

*စာမျက်နှာ ၁၆ ကော်လံ ၅* ■

**ယနေ့ သတင်းအညွှန်း**


အကြမ်းဖက်မှုသံသရာနှင့် သမိုင်းသင်ခန်းစာ — ဆောင်းပါး — စာ ၁၀

မြန်မာ့ပင်လယ်ပြင်အတွင်း တရုတ်နိုင်ငံပိုင် ကုန်တင်ရေယာဉ်ကြီးတစ်စင်းပေါ်မှ ပြင်းထန်ဒဏ်ရာရရှိပြီး အရေးပေါ်ဆေးကုသရန်လိုအပ်လျက်ရှိသော ရေယာဉ်အမှုထမ်းအား တပ်မတော်(ရေ)မှ ကူညီကယ်ဆယ် — ပြည်တွင်းသတင်း — စာ ၁၅